မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း

အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ရောက်ရှိနေသည့် အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM, YSM နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသံရုံးတနိုင်ငံ စစ်သံမှူး Colonel, Manoj Mukund Naravane တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒေသထွက်ကုန်များကို အပြန်အလှန် ရောင်းဝယ်ဖောက်ကားနိုင်ပြီး ဒေသခံပြည်သူ သုံးသိန်းကြောက်သောင်းကျော်ကို အကျိုးပြုနေသည့် မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ်က ရွှေချောင်းတံတား

ရန်ကုန် အောက်တိုဘာ ၂၁

မကွေးတိုင်း သရက်ခရိုင် မင်းလှမြို့နယ် ပုသိမ်-မုံရွာ(မြောက်ပိုင်း)လမ်း ရှမ်းတပ်ကြီးကျေးရွာအနီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ရွှေချောင်းတံတားကို ၂၀၀၄ ခုနှစ် ဩဂုတ် ၂၄ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

တည်ဆောက်ထား

ရွှေချောင်းတံတားမှာ အရှည်ပေ ၅၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်း တစ်ဖက်သုံးပေစီရှိပြီး တံတားခံနိုင်သည့် ဝန်တန်ချိန်မှာ တန်ချိန် ၆၀ ဖြစ်သည်။ တံတားကြီးရေရှည်ခိုင်ခံ့စေရန် ကိုယ်ထည်ပိုင်းကို သံကူကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အပေါ်ပိုင်းကို ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းတို့ဖြင့် တည်ဆောက်ထားသည်။ ရေလမ်းကင်းလွတ်အမြင့်မှာ ငါးပေဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

သတင်းမှတ်စု
နုနုရီနှင့် အေးသန္တာသိန်း

ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း(မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၂ ရက်)

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး ပြည်သူများဝိုင်းဝန်းဖော်ဆောင်

လူတိုင်းသက်တမ်းစေ့ အသက်ရှင်နေထိုင်နိုင်ရေး ရည်မှန်းချက်နှင့်အညီ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရန် ကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ပြည်သူများ အာဟာရဓာတ်ဖွံ့ဖြိုးရေးအတွက် ရည်မှန်းချက်ထားကာ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေသည်။ ပြည်သူများ အာဟာရဖွံ့ဖြိုးမှု မြင့်မားလာရေးအတွက် ဗီတာမင်အစုံပါဝင်သည့် ဆေးများတိုက်ကျွေးခြင်း၊ အာဟာရဓာတ်ဖြည့်စွက်ထားသည့် အစားအစာများထုတ်လုပ်စားသုံးစေခြင်း၊ အာဟာရပညာပေးခြင်း စသည့် နည်းလမ်းအသွယ်သွယ် အသုံးပြုလျက်ရှိသည်။

ကလေးငယ်များအား ဗီတာမင်အေချို့တဲ့မှုအန္တရာယ်မှကင်းဝေးရန် အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ခြောက်လတစ်ကြိမ် အင်အားပြည့် ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပေးလျက်ရှိသည်။

ယနေ့အချိန်အခါသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကျောင်းသား ကျောင်းသူလူငယ်များအား စာပေပညာ တတ်ကျွမ်းရုံမျှသာမက နိုင်ငံဖွံ့ဖြိုးရေးလိုအပ်ချက်များကို ပညာစွမ်းအားဖြင့် ဖြည့်ဆည်းမြှင့်တင်ပေးလျက်ရှိရာ ကျန်းမာကြံ့ခိုင်မှုသည် အဓိကကျသော မဏ္ဍိုင်တစ်ရပ်ဖြစ်ပေသည်။

ကျန်းမာကြံ့ခိုင်မှုရှိရန် မိခင်တိုင်းသည် မွေးဖွားပြီးချိန်မှစတင်ပြီး ဂရုတစိုက်ပြုစုစောင့်ရှောက်ကြရမည်ဖြစ်ရာ မိမိတို့၏ ရင်သွေးငယ်များအား အာဟာရစုံနှုန်းပြည့်ဝသည့် မိခင်နို့ရည်ကို တိုက်ကျွေးကြရမည်ဖြစ်သည်။ မိခင်နို့ရည်သည် ရင်သွေးငယ်အဖို့ ရောဂါကို ခုခံကာကွယ်နိုင်ပြီး စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသည့် လူငယ်များဖြစ်လာစေသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အစားအစာများကို အာဟာရ မျှတမှန်ကန်စွာ စားသုံးခြင်း၊ ကလေးငယ်များကိုလည်း အာဟာရ မျှတမှန်ကန်စွာ ကျွေးမွေးခြင်းဖြင့် အာဟာရချို့တဲ့သော ကလေးငယ်များ လျော့နည်းပပျောက်ပြီး နိုင်ငံ့အကျိုးသယ်ပိုးတာဝန်ထမ်းရွက်နိုင်မည့် သားကောင်း သမီးကောင်းရတနာများ ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Essar E&P South East Asia Limited.သည် ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-2 တွင် Seabed Survey တိုင်းတာခြင်းလုပ်ငန်းကို တိုင်းတာရေးရေယာဉ် Century Star-1ဖြင့် ၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၃ရက်ခန့်မှ အောက်တိုဘာ ၂၇ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Seabed Survey တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာ တည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၉ဒီဂရီ၃၉မိနစ် ၃၄ဒသမ ၀၆၅၁စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၄၉မိနစ် ၉ဒသမ၄၆၉၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၉မိနစ် ၂၅ ဒသမ၃၇၄၇စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၂မိနစ် ၁ဒသမ၄၄၅၁စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၆ မိနစ် ၄၃ဒသမ ၃၂၃၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၅၁မိနစ် ၄၆ဒသမ၄၃၇၄ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆မိနစ် ၅၂ဒသမ၀၁၁၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၄၈မိနစ် ၅၅ ဒသမ၂၇၆၅စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

ကြေညာ

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-2တွင် Seabed Survey တိုင်းတာခြင်းလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ်Century Star-1ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်း ကိရိယာများ ချထားခြင်းများမပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

မြဝတီရုပ်မြင်သံကြား

၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၄၅ ၆။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **ကျားကလေးရဲ့မွေးရပ်မြေ** (အပိုင်း-၄၀)
- ၆:၄၅ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ မြန်မာဗီဒီယိုဇာတ်လမ်းတွဲ **အိပ်မက်ဆိုးမှ မနိုးခင်** (အပိုင်း-၉)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၂၂။ ဖြေလိုက်ပါ
- ၂၃။ ICT သုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၃၉)

ဝန်ကြီးဦးအောင်သောင်း ကျောက်ဆည်မြို့ ကျောက်ပြားစက်ရုံခွဲ(၃) စစ်ဆေး ပျော်ဘွယ်မြို့နယ် မိုးစိုက်ဝါနှင့်မိုးနှောင်းဝါ အောင်မြင်ဖြစ်ထွန်းမှု ကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် အောက်တိုဘာ ၁၉ ရက် နံနက် ၈နာရီက မန္တလေးတိုင်း ကျောက်ဆည်မြို့ရှိ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ကျောက်ပြားစက်ရုံခွဲ (၃)၌ စကျင် ကျောက်ပြားများထုတ်လုပ်မှု၊ ကျောက်ပြား ခွဲစက်၊ ကျောက်ပြား အရောင်တင်ခြင်း၊ အရွယ်အစားအလိုက် ဖြတ်တောက်ခြင်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးပြီး သိုလှောင်ရုံအတွင်းရှိထုတ်လုပ် ထားသော စကျင်ကျောက်ပြားများနှင့် ကျောက်ပွတ်လုံးတိုင်များထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ အထည်အလိပ်လုပ်ငန်း မြစ်သားချည်မျှင် စက်ရုံ(စီမံကိန်း)၌ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်တစ်ဆင့် ဝန်ကြီးသည် မြန်မာ့ အထည်အလိပ်လုပ်ငန်း ဝမ်းတွင်းချည်မျှင် နှင့် အထည်စက်ရုံ၊ မြန်မာ့အထည်အလိပ် လုပ်ငန်း ပျော်ဘွယ်ချည်မျှင်စက်ရုံ စီမံကိန်း တို့ကို ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်ဝါ စိုက်ပျိုးရေး စီမံကိန်း၏ မိုးစိုက်ဝါနှင့် မိုးနှောင်းဝါကေ၃၀၀ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေနှင့် စိုက်ခင်းမှထွက်ရှိသော ဝါဂွမ်းများကိုလည်းကောင်း၊ ဝါပင်များ ပေါင်းလိုက်နေမှုနှင့် ဝါဆွတ်ခူးမှုအခြေအနေ တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပျော်ဘွယ် ဝါစိုက်ပျိုးရေးစီမံကိန်း၏ မိုးစိုက်ဝါနှင့် မိုးနှောင်းဝါ ဧကေ ၃၀၀ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

မွန်ပြည်နယ်စည်ပင်ညွှန်မှူး သံဖြူဇရပ် မြို့မဈေးစစ်ဆေး

သံဖြူဇရပ် အောက်တိုဘာ ၂၀

မွန်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြား ရေးမှူးဦးမြင့်၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဈေးတာဝန်ခံတို့က ရှင်းလင်းတင်ပြခဲ့ ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅-၁:၀၅ **အလိုအပ်ဆုံးအရာ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိသာရ)
- ၈:၀၀-၂:၀၀ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)]
- ၈:၃၀-၂:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၅၅-၂:၅၅ Activities in the City (သွားကျန်းမာရေး အခမဲ့ဆေးကုသပွဲ)
- ၉:၁၀-၃:၁၀ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ** ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅-၃:၂၅ ရည်စူးဖူးမြော် ကမ္ဘာ့ဝိပဿနာစေတီတော်
- ၁၀:၀၀-၄:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅-၄:၀၅ နယဉ်ဆန်းထွင် ပန်းအလှဆင်(မိမိစိတ်ကြိုက် ပန်းအလှပြင်ဆင်ခြင်း)
- ၁၀:၁၅-၄:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၀-၄:၂၀ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ
- ၁၀:၃၀-၄:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅-၄:၃၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၄၀-၄:၄၀ Midweek Sports News
- ၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၀၅-၅:၀၅ ကုန်ပစ္စည်းသစ်မိတ်ဆက် (Tip Top Lubricants)
- ၁၁:၁၅-၅:၁၅ တေးဂီတအစီအစဉ်
- ၁၁:၂၀-၅:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၅-၅:၂၅ ကလေးတို့ရဲ့ ပျော်ရွှင်ဖွယ် နေ့လေးတစ်နေ့
- ၁၁:၄၀-၅:၄၀ Fashion Fever (ဒီဇိုင်နာခင်စန်းဝင်း၏ မြန်မာသတို့သမီး ဝတ်စုံဖက်ရှင်)
- ၁၂:၁၀-၆:၁၀ နာဂစ်နှင့်ပတ်သက်၍ ဆရာဝန်တို့၏ လုပ်ဆောင်ချက်
- ၁၂:၂၅-၆:၂၅ Myanmar Video Rhythm
- ၁၂:၅၀-၆:၅၀ တေးဂီတအစီအစဉ်
- ၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၀၀	Chelsea-Roma	ESPN (Live)
	Atletico-Liverpool	STAR SPORTS (Live)
၄:၃၀	PSV-Marseille	ESPN (SDD)

အာဆီယံ-တရုတ်ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်မိန့်ခွန်းပြောကြားပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် အောက်တိုဘာ ၂၁

အာဆီယံ-တရုတ်ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

စတင်ကျင်းပ

အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နံနက် ၉နာရီ မိနစ်၂၀တွင် နန်နင်းမြို့ရှိ Liyuan Resort ရှိ International Conference Centre ၌ စတင်ကျင်းပသည်။

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာနဝန်ကြီး Mr. Wang Chang နှင့် ပြန်ကြားရေးနှင့်မီဒီယာကဏ္ဍဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

ယင်းအခမ်းအနားတွင် တရုတ်နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍဆိုင်ရာ အကြီးအကဲများက တရုတ်နှင့်အာဆီယံ နိုင်ငံများအကြား ပြန်ကြားရေးနှင့်မီဒီယာ ကဏ္ဍပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အသီးသီး မိန့်ခွန်းပြောကြားကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

(သတင်းစဉ်)

တားဆီးကာကွယ်

မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း တရုတ်-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများ၊ တရုတ်-အာဆီယံနိုင်ငံများအကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ မီဒီယာကဏ္ဍနှင့်စပ်လျဉ်း၍ အင်အားကြီးနိုင်ငံများက မီဒီယာနည်းဖြင့် လွှမ်းမိုးချုပ်ကိုင်နေမှုများကို တားဆီးကာကွယ်နိုင်ရန်အတွက် မီဒီယာဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်းတစ်ရပ် ထူထောင်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အောက်တိုဘာ၂၁ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းအိန္ဒိယ (ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt. Gen. VK Singh, AVSM, YSM အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းရှေ့ဖုံး) (သတင်းစဉ်)



လက်မှတ်ရေးထိုး

ညနေပိုင်းတွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အစီအစဉ်ကို ကျင်းပရာ တရုတ်နှင့်အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများက အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို တစ်ဦးချင်း လက်မှတ်ရေးထိုးကြသည်။ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရကိုယ်စား နားလည်မှုစာချွန်လွှာကို ပါဝင်လက်မှတ် ရေးထိုးခဲ့သည်။

ထုတ်ပြန်ကြေညာ

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးဌာန ဒုတိယဝန်ကြီး Mr. Qian Xiaoqian က အာဆီယံ-တရုတ် ပြန်ကြားရေးဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးမှ ထုတ်ပြန်ခဲ့သည့် နန်နင်းပူးတွဲကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ညနေ ၅နာရီ၄၅မိနစ်တွင် အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့စီးပွားရေး သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၁

'ကမ္ဘာ့စီးပွားရေးအကျပ်အတည်းတွင် မြန်မာကို သိသိသာသာမရိုက်ခတ်အောင် ဘာတွေ ပြင်ဆင်ထားဖို့လိုမလဲ' အကြောင်းနှင့်ပတ်သက်၍ စီးပွားရေးပညာရှင်များ၊ ဘဏ်လုပ်ငန်းကျွမ်းကျင်သူများ၏ သုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ (၄)၊ အမှတ်(၄၁) ထွက်ရှိလာသည်။

ပြည်တွင်းရေးရာသတင်းများ

ယင်းအပြင် စီးတီးအက်ဖ်အမ် မိုက်ခရိုဝေ့ဗ် ထပ်ဆင့်အသံလွှင့်ဌာန ဟိုတယ် ရန်ကုန်တွင် မကြာမီဖွင့်လှစ်မည်၊ အင်္ဂလန် NCC မှ ကျင်းပသည့် စာမေးပွဲ၌ မြန်မာကျောင်းသားတစ်ဦး တစ်ကမ္ဘာလုံးတွင် အမှတ်အများဆုံးရ၊ ရန်ကုန်-ချောက်-မန္တလေးလမ်းပေါ်ရှိ ဒေါင်းနေချောင်းတွင် ကြိုးတံတားတည်ဆောက်မည်၊ တတိယမြောက် နယ်စပ်ကုန်သွယ်ရေးဇုန်အဖြစ် ထူထောင်သွားမည့် မောင်တောနယ်စပ်ကုန်သွယ်ရေးဇုန်၊ မြန်မာနိုင်ငံတွင် ပထမဆုံး ဒီရေစွမ်းအင်ဖြင့် မီးပေးနိုင်မှုကြောင့် အာဆီယံစွမ်းအင် ဒုတိယဆု ချီးမြှင့်ခံရ၊ မုန်တိုင်းများထပ်မံဝင်ရောက်နိုင်သဖြင့် မြစ်ချောင်းအနီး နေထိုင်သူများ ဝါးဖောင်များ ဆောင်ထားရန်လို၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "**လူငယ်နှင့်** Chatting"အကြောင်း၊ ကြင်ရာဖက် ရှာတွေ့သွားတဲ့ ဟဲလေးနှင့်အတူ အခြားဖျော်ဖြေရေးသတင်းများ စသည့် ကဏ္ဍစုံလင်စွာဖြင့် ပြည်တွင်းရေးရာသတင်းများ ပါရှိသည်။

ကဏ္ဍစုံလင်စွာ

မိဘများအနေဖြင့် ကလေးငယ်တွေကို ပြည်ပတွင်ပြုစုပျိုးထောင်ရာ၌ စင်ကာပူဈေးအပေါဆုံး၊ ကမ္ဘာ့ငွေကြေးအကျပ်အတည်းနှင့် အခြားပြဿနာများကို လာမည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်၊ စင်ကာပူနိုင်ငံသားများ နိုင်ငံခြားသားများနှင့် လက်ထပ်သူဦးရေများပြား၊ အိမ်ထောင်သက် ၁၈နှစ်ကြာ ပေါင်းသင်းနေထိုင်ခဲ့သည့် ဇနီးမောင်နှံနှစ်ဦး လင်ခန်းမယားခန်း ပြတ်စဲခဲ့ပုံအကြောင်း၊ ကျားဖြူနှစ်ကောင်ကို မိခင်ရင်းပမာ စောင့်ရှောက်ထားသည့် ချင်ပန်ဇီမျောက်မကြီး၊ မယ်လမင်းတွေ့သဖြင့် အက်စ်အင်န်ပီ တံဆိပ် ထိုင်းဘီစကွတ်များ ပြန်လည်သိမ်းဆည်း၊ ရင်သားကင်ဆာတိုးဆေးတစ်မျိုး ထွက်ပေါ်လာဖွယ်ရှိ၊ **"ခင်ပွန်းသည့်သောက်သောဖျော်ရည်ထဲတွင် ဆေးခတ်သတ်သည့် သီးစုံနို့အေးဖျော်ရည် လူသတ်မှု"** မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့က ဒီလိုတဲ့"** ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး၊ နည်းပညာကဏ္ဍစုံလင်စွာ ပါရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ အနည်းဆုံး ၁၃ ဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

အီဖာ အောက်တိုဘာ ၂၁

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အီဖာမြို့၌ အောက်တိုဘာ ၂၁ ရက်က ဗုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၃ ဦး သေဆုံးပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ပြောကြား

ယင်းပေါက်ကွဲမှုသည် ၄င်းမြို့ရှိ ရဲစစ်တန်းလျားအနီး၌ ဖြစ်ပွားခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ အရပ်သားများဖြစ်ကြကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ဖြစ်ပွားခဲ့

အဆိုပါဗုံးပေါက်ကွဲမှုသည် မည်သူ့လက်ချက်ဖြစ်သည်ကို အတိအကျ မသိရသေးကြောင်း။ ယင်းပေါက်ကွဲမှုမှာ ပြည်ထဲရေးဝန်ကြီးရုံးအပြင်ဘက်၌ လက်ပစ်ဗုံးဖြင့် တိုက်ခိုက်မှုတစ်ရပ် ဖြစ်ပွားပြီးနောက် နှစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပီတ်သတင်း

ဖခင်ခြေရာခံနိုင်သည့် အာကာသယာဉ်မှူးများ ဆိုယုဇ်အာကာသယာဉ်ဖြင့် ပြန်လာကြမည်

ကိုရိုယော့ဗ် အောက်တိုဘာ ၂၁

ကမ္ဘာ့လောလောလတ်လတ် အာကာသခရီးသည်ရစ်ချတ်ဂါးရီးယော့က အာကာသခရီးအတွက် သူငွေကုန်ရကျိုးနပ်ကြောင်း ရုရှားဆိုယုဇ် အာကာသယာဉ်ပေါ်၌ တနင်္လာနေ့က ပြောကြားလိုက်သည်။

သူသည် အမေရိကန်ကွန်ပျူတာဂိမ်း ဒီဇိုင်နာတစ်ဦးဖြစ်ပြီး သူ့ဖခင်အိုဝင်းဂါးရီးယော့မှာ အငြိမ်းစား အမေရိကန် အာကာသယာဉ်မှူး တစ်ဦးဖြစ်သည်။

နိုင်ငံတကာအာကာသစခန်းယာဉ်သို့ ရုရှားဆိုယုဇ် အာကာသယာဉ်ဖြင့် လိုက်ပါရန် အမေရိကန်ဒေါ်လာသန်း ၃၀ ပေးခဲ့ရသည်။

သူသည် ဆိုယုဇ်မှ နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်သို့ အင်္ဂါနေ့က ရောက်သွားပြီဖြစ်သည်။ သူ့ဖခင်အိုဝင်းဂါးရီးယော့ စကိုင်းလက် အာကာသယာဉ်ဖြင့် မြေကမ္ဘာကိုပတ်အပြီး ၃၅နှစ်အကြာတွင် သားဖြစ်သူက နိုင်ငံတကာအာကာသစခန်းယာဉ်ဖြင့် ကမ္ဘာကို ပတ်နိုင်ခြင်းဖြစ်ကာ သူသည် ဖခင်ခြေရာကို လိုက်နိုင်သည့် ပထမဆုံးသော အမေရိကန်အာကာသယာဉ်မှူးဖြစ်သည်။

သူ့ဖခင်က ရုရှားမြေပြင် ထိန်းချုပ်ရေးစခန်းမှ ကြည့်ရှုအားပေးသလို နိုင်ငံတကာ အာကာသစခန်းယာဉ်မှ သူ့ကိုကြိုဆိုသူတစ်ဦးမှာ ရုရှားအာကာသယာဉ်မှူး ဆာဂျီဗိုးကော့ဗ်ဖြစ်သည်။ ဆာဂျီဗိုးကော့ဗ်သည်လည်း သူ့လိုပင် ဖခင်ဖြစ်သူက အာကာသယာဉ်မှူးဟောင်း တစ်ဦးဖြစ်သည်။ ထိုပုဂ္ဂိုလ်မှာ ရုရှားအာကာသယာဉ်မှူးဟောင်း အလက်ဇန္ဒာဗိုးကော့ဗ် ဖြစ်သည်။

ကမ္ဘာမြေသို့ အပြန်ခရီးတွင် ရစ်ချတ်ဂါးရီးယော့နှင့် ဆာဂျီဗိုးကော့ဗ်တို့ နှစ်ဦးသည် ရုရှားဆိုယုဇ်အာကာသယာဉ်ဖြင့်အတူ ပြန်လာကြမည်ဖြစ်သည်။

ဆဋ္ဌမမြောက် အာကာသခရီးသည် ရစ်ချတ်ဂါးရီးယော့(ရှေ့ဝဲအစွန်)အား နိုင်ငံတကာ အာကာသစခန်း၌ အာကာသယာဉ်မှူးများနှင့်အတူ တွေ့ရစဉ်။

သားအာကာသယာဉ်မှူးများ၏ ခရီးစဉ်ကို ဖခင်ဖြစ်သူ အာကာသယာဉ်မှူးဟောင်းနှစ်ဦးတို့က မော်စကိုမြို့ပြင်မှ ရုရှားအာကာသထိန်းချုပ်ရေးစခန်းရှိ မှန်သားပြင်ပေါ်မှ ဂုဏ်ယူဝင့်ကြွားစွာ ကြည့်ရှုနေကြသည်။ (အင်တာနက်)

ဘဂ္ဂဒက် အရှေ့တောင်ပိုင်းတွင် ဗုံးနှစ်လုံးပေါက်ကွဲ အရပ်သားများသေကျေ၊ ထိခိုက်ဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၂၀ရက်က ကင်းလှည့်နေသော အီရတ်ရဲများအား ပစ်မှတ်ထားပြီး လမ်းဘေးဗုံးထောင် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၀ ဦးကျော် ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ဖြစ်ပွား

အဆိုပါဗုံးပေါက်ကွဲမှုသည် မြို့တော်ဘဂ္ဂဒက်ရှိ ရှီးယိုက်အများစုနေထိုင်ရာ ဇာဖရာနီယာအရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် အရပ်သား နှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တင်ပို့ထား

၄င်းဗုံးပေါက်ကွဲသည့်နေရာ၌ပင် ဒုတိယဗုံးတစ်လုံး ထပ်မံပေါက်ကွဲခဲ့ရာ ကားဖြင့်ရောက်ရှိလာသည့် ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားလေးဦး ဒဏ်ရာရရှိသွားကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအား ဇာဖရာနီယာဆေးရုံသို့ တင်ပို့ထားရကြောင်းသိရသည်။ (အင်တာနက်)

ပါကစ္စတန်နိုင်ငံ ဘာလူချီစတန်ခရိုင်တွင် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ၏ မိသားစုဝင်များ ဝမ်းနည်းငိုကြွေးလျက်ရှိသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ အဝေးထိန်းစနစ်သုံး ဗုံးဖောက်ခွဲ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာပြင်းထန်

(ကွိုက်ယက်တာ)ပါကစ္စတန် အောက်တိုဘာ ၂၁

ပါကစ္စတန်နိုင်ငံ ဘာလူချီစတန်ခရိုင် ဒီရာဘတ်ဂျီအရပ်၌ အောက်တိုဘာ ၂၀ရက်က အဝေးထိန်းစနစ်သုံးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ လေးဦးပွဲချင်းပြီးသေဆုံးပြီး သုံးဦးဒဏ်ရာ ပြင်းထန်စွာ ရရှိသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဗုံးပေါက်ကွဲ

ရဲတပ်ဖွဲ့သတင်းရပ်ကွက်မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ အဝေးထိန်းစနစ်သုံးဗုံးသည် ဒီရာဘတ်ဂျီ၌ မော်တော်ဆိုင်ကယ်တစ်စီးတွင် တပ်ဆင်လျက် ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုကြောင့် တစ်ဦးမှာပွဲချင်းပြီးသေဆုံးပြီး သုံးဦးဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ (အင်တာနက်)

ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်တိုက်ခိုက်မှု နေ့စဉ် ပျမ်းမျှလေးကြိမ်ခန့်ဖြစ်ပွားနေ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

ဘဂ္ဂဒက်မြို့၌ အောက်တိုဘာ ၂၀ရက်က မောင်းနှင်နေသော ဘတ်စ်ကားတစ်စီးအတွင်း လက်ပစ်ဗုံးတစ်လုံး ပစ်သွင်းဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ခရီးသည် နှစ်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားကြောင်း အီရတ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောကြား

ယင်းဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားသည့်နေရာအနီးမှ အလုပ်သမားများအား ရုံးသို့ ပို့ဆောင်ပေးသည့် မီနီဘတ်စ်တစ်စီး ဖြတ်သန်းမောင်းနှင်သွားကြောင်း မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောကြားသည်။

လျော့နည်း

မြို့တော်ဘဂ္ဂဒက်တွင် လွန်ခဲ့သောလများက အကြမ်းဖက်မှု လျော့နည်းခဲ့သော်လည်း လုံခြုံရေးအခြေအနေ အားနည်းကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အကြမ်းဖက်တိုက်ခိုက်မှု နေ့စဉ်ပျမ်းမျှ လေးကြိမ်ဖြစ်ပွားနေကြောင်း အမေရိကန် စစ်ဘက်စာရင်းဇယားများတွင် ဖော်ပြသည်။ (အင်တာနက်)

တောင်အာဖရိက ထောက်ပံ့ ရေးလုပ်သား ကဘူးလ်မြို့၌ ပစ်သတ်ခံရ

ကဘူးလ် အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံမှ အကြမ်းဖက်တပ်ဖွဲ့ဝင်များခြေကုပ်စခန်းကို အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များ နှစ်ရက်ကြာ တိုက်ခိုက်သဖြင့် အနည်းဆုံး စစ်သွေးကြွ ၂၀သေဆုံးချိန်တွင် ကဘူးလ်မြို့တော်၌ တောင်အာဖရိကထောက်ပံ့ရေးလုပ်သားတစ်ဦးအား မော်တော်ဆိုင်ကယ်စီး သေနတ်သမားများက အောက်တိုဘာ ၂၀ ရက်တွင် ပစ်သတ်လိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပစ်သတ်ခံရ

ထောက်ပံ့ရေးလုပ်သား တစ်ဦးဖြစ်သည့် တောင်အာဖရိကနိုင်ငံသူမှာ ကဘူးလ်မြို့ အနောက်ပိုင်း၌ အောက်တိုဘာ ၁၉ရက် နံနက်စနာရီက တစ်ဦးတည်း လမ်းလျှောက်စဉ် အကြမ်းဖက်သမားများ၏ ပစ်သတ်ခံလိုက်ရခြင်း ဖြစ်သည်။ (အင်တာနက်)

အဆောက်အအုံပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နယ်စပ်အနီး တိုက်ပွဲဖြစ်ပွား တပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား ချေမှုန်း

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန် နယ်စပ်အနီး ပါကစ္စတန် အနောက်မြောက်ဒေသတွင် ပါကစ္စတန် တပ်ဖွဲ့ဝင်များက စစ်သွေးကြွ ၃၅ဦးတို့အား ချေမှုန်းလိုက်သည်။

ချေမှုန်း

ပါကစ္စတန်နိုင်ငံ အရှေ့မြောက် ရှေ့တန်းပြည်နယ် ဝန်ကြီးချုပ်က နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာတွေ့ဆုံ အဖြေရှာရန် အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ရစ်ချတ်ဘောက်ချာနှင့် တွေ့ဆုံတိုက်တွန်းစဉ် စစ်သွေးကြွများအား ယင်းသို့ ချေမှုန်းခြင်း ဖြစ်သည်။

တွေ့ဆုံ

ပါကစ္စတန်နိုင်ငံအတွင်းရှိ စစ်သွေးကြွများအား အမေရိကန်တပ်ဖွဲ့ဝင်များက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အမေရိကန်နှင့် ပါကစ္စတန်အစိုးရတို့အကြား တင်းမာနေစဉ်တွင် ပြည်နယ်ဝန်ကြီးချုပ် အမာဟိုက်ဒါခန်ဟိုတီနှင့်ရစ်ချတ်ဘောက်ချာတို့ တွေ့ဆုံခြင်းလည်း ဖြစ်သည်။ (အင်တာနက်)

ဆေးကုသပေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရသူတစ်ဦးအား ဆေးကုသပေးနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ အသေခံဖောက်ခွဲ ကလေးငါးဦးအပါအဝင် ခုနစ်ဦးသေဆုံး

ကဘူးလ် အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းတွင် အောက်တိုဘာ ၂၀ရက်က အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ ကင်းလှည့်လာစဉ် အသေခံဖောက်ခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ ကလေးငယ်ငါးဦးနှင့် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားခဲ့ကြောင်း အင်တာနက်သတင်း၌ ပါရှိသည်။

သေဆုံးသည့် တပ်ဖွဲ့ဝင်များအား မည်သည့်နိုင်ငံမှ တပ်ဖွဲ့ဝင်များဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

ယင်းနေ့ နံနက်စောစောပိုင်းကလည်း မြို့တော်ကဘူးလ်တွင် သေနတ်သမားများပစ်ခတ်မှုကြောင့် ပြည်ပထောက်ပံ့အကူအညီပေးရေးအဖွဲ့မှ အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့သည်။

လေကြောင်းမှတိုက်ခိုက်

ပြီးခဲ့သည့် သီတင်းပတ်က ဟယ်လ်မန့် ပြည်နယ်တွင် အကြမ်းဖက်သမားများအား တိုက်ခိုက်ချေမှုန်းသည်ဟုဆိုကာ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် အရပ်သားများသေဆုံးခဲ့ပြီး ဖြစ်သည်။ (အင်တာနက်)

အီရတ်မြောက်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ အရပ်သားတစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် အောက်တိုဘာ ၂၁

အီရတ်နိုင်ငံ မြောက်ပိုင်းမိုဆူးလ်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီးနောက် တစ်ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က အောက်တိုဘာ ၂၁ရက်တွင် ကြေညာသည်။

မိုဆူးလ်မြို့မြောက်ပိုင်း အယ်ရာရှီဒီယာဒေသအတွင်း အရပ်သားတစ်ဦး၏ နေအိမ်အနီးတွင် ဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ထိုဒေသအတွင်း အီရတ်လုံခြုံရေး ပစ်မှတ်မရှိဟုလည်း ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

စောစောပိုင်းကလည်း မိုဆူးလ်မြို့ မြောက်ပိုင်းအကောက်ခွန် ဝန်ထမ်းတစ်ဦး နေအိမ်အနီး ဗုံးပေါက်ကွဲသော်လည်း ထိခိုက်သေဆုံးမှုမရှိဟု ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။ (အင်တာနက်)

မိုဆူးလ်၌ဗုံးခွဲတိုက်ခိုက်

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

22-10 (04).pmd 1 10/22/2008, 2:38 AM

■ ကျောဖုံးမှ

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့က မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာရည်များပက်ဖျန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးသည် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ဝန်ကြီးများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသား တိုင်းရင်းသူများ၊ ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုးများကို ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံသစ်နှင့် ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ဆောင်မှုလုပ်ငန်းများ

ယခုဖွင့်လှစ်သည့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)သည် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် စာရင်းရှင်အပ်ငွေလက်ခံခြင်း၊ ငွေစုဘဏ် အပ်ငွေလက်ခံခြင်း၊ငွေစုလက်မှတ်ရောင်းချခြင်း၊စာရင်းသေအပ်ငွေ လက်ခံခြင်း၊ ချေးငွေများ ထုတ်ချေးခြင်း၊ ပြည်တွင်းငွေလွှဲ လုပ်ငန်းနှင့် ငွေပေးအမိန့်လက်မှတ်များ ရောင်းချခြင်း ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဖွဲ့စည်းတည်ဆောက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)သည် မြေဧရိယာ၂၂ဧက ကျယ်ဝန်းပြီး ပင်မအဆောက်အအုံ အလျားပေ ၁၈၀၊ အနံပေ ၁၅၀၊ အမြင့်၅၄ပေ၊ ၉ လက်မ ရှိကာ ပင်မအဆောက်အအုံ အစည်းအဝေးခန်းမ၊ ကွန်ပျူတာခန်းမ၊ ရုံးခန်းမများ၊ ဘဏ်ခန်းမ၊ ငွေတိုက်၊ လုံခြုံရေးအဆောင်၊ သိုလှောင်ခန်း အဆောက်အအုံများ ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့ မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)အဆောက်အအုံသစ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးဆောင် ကျောင်းသားဟောင်းများအသင်း၏ အဆောင်မှူးဆရာကြီးများအား ကန်တော့ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် ကျောင်းသားဟောင်းများအသင်း၏ အဆောင်မှူးဆရာကြီးများအား ကန်တော့ပွဲကို အောက်တိုဘာ ၁၉ရက် နံနက် ၉နာရီက ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ကျင်းပရာ မန္တလေးဆောင် အဆောင်မှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာဦးငြိမ်း၊ ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာသိန်းအောင်တို့ တက်ရောက်ကန်တော့ခံခဲ့ကြသည်။(အောက်ပုံ)

အခမ်းအနားတွင် အသင်းနာယက ဝန်ထမ်းရွှေချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ဦးအုန်းခင်နှင့် ဦးဝင်းကြည်တို့က ကျောင်းသားဟောင်းများကိုယ်စား ဆရာကြီးများအား လက်ဆောင်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ထောက်ပံ့ငွေ

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးတင်အုန်းက ထူးချွန် ဘူမိဗေဒကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ငွေကို ဘူမိဗေဒပါမောက္ခသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၁၀-၂၀၀၈ ရက်

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ သီချင်းကြီးပဒေသာ
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၁၅ ၈။ **ကျွမ်းတိုင်းမကြမ်းနဲ့** လျှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လှထက်)
၈:၃၀ ၉။ International News.
၈:၄၀ ၁၀။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၅ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀ ၇။ အဆိုပြိုင်ပွဲ
၅:၁၀ ၈။ ဒဂုံသောက်ရေသန့်နှင့် အချိုရည်စက်ရုံ
၅:၂၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၁၀။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၅၀ ၁၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၇:၁၅ ၁၅။ ဆိုလိုက်ကြစို့
၇:၄၀ ၁၆။ အတီးပြိုင်ပွဲ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၂၁။ **ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ** (အခြေခံပညာမူလတန်းအဆင့်)
၂၂။ အစီအစဉ်ပြီး၏။

✱ ကျောဖုံးမှ

ဖက်တီးအက်စစ်များကို ဖယ်ရှားပေးလိုက်ခြင်းဖြင့် ကြွက်များမှာမှတ်ဉာဏ်ချို့ယွင်းမှု ပြဿနာနှင့်အပြုအမူမှာ ပြောင်းလဲသွားသောအချက်ကို စမ်းသပ်တွေ့ရှိခဲ့သည်ဟုဆို၏။

ဖော်ပြ

ဖက်တီးအက်စစ်ဓာတ် ဦးနှောက်အတွင်းများပြားလာခြင်းကို အစားအစာများမှ တစ်ဆင့် သို့မဟုတ် ဆေးဝါးများသုံးစွဲခြင်းဖြင့် ထိန်းချုပ်သွားနိုင်ကြောင်း သဘာဝ အာရုံကြောသိပ္ပံဆိုင်ရာ သတင်းဂျာနယ်တစ်စောင်က ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ၌ အယ်လ်ဇိုင်းမားရောဂါခံစားနေရသူပေါင်း ၇၀၀၀၀၀ခန့်ရှိသည်။ ယင်းဦးရေမှသည် မျိုးဆက်သစ်လူငယ်များအတွင်း အယ်လ်ဇိုင်းမားဖြစ်ပွားမှု များပြားလာခြင်းကြောင့် နှစ်ဆပိုများလာနိုင်ကြောင်း အယ်လ်ဇိုင်းမားကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

အဖြစ်များ

အယ်လ်ဇိုင်းမားရောဂါသည် မှတ်ဉာဏ်ချို့ယွင်းမှု ရောဂါတစ်မျိုးဖြစ်သည်။ အသက်အရွယ်ရလာသူများတွင် အဖြစ်များတတ်သည်။

ဖက်တီးအက်စစ်နှင့် ဦးနှောက်နာ့ဗ်ကြောတို့ဆက်နွယ်မှုအပေါ် အခြေခံလျက် ကြွက်များဖြင့်စမ်းသပ်ခဲ့သည့် လေ့လာတွေ့ရှိချက်သည် အယ်လ်ဇိုင်းမား ရောဂါထိန်းချုပ်ရေးအတွက် များစွာအထောက်အကူဖြစ်စေလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်အယ်လ်ဇိုင်းမား သုတေသနအဖွဲ့ အမှုဆောင်အရာရှိချုပ် ရီဘက်ကာဝုဒ်က ပြောကြားသည်။(အင်တာနက်)

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)က ကြီးမှူးဖွင့်လှစ်သည့် ကြီးကြပ်အဆင့်ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ လသာလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားသည်။

ရက်သတ္တပါးပတ်ကြာမြင့်

အဆိုပါသင်တန်းသို့ ဒုတိယကြီးကြပ်ရေးမှူး ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်) ၂၀၀၈-၂၀၀၉ပညာသင်နှစ်အတွက် ပညာသင်ဆုလျှောက်လွှာများခေါ်ယူ

ရန်ကုန် အောက်တိုဘာ ၂၁

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် ၁၉၈၁ခုနှစ်မှစ၍ အထောက်အပံ့လိုအပ်သော တက္ကသိုလ်၊ ကောလိပ်များမှ ရခိုင်ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်ဆုများ ပေးအပ်လျက်ရှိရာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်ဆုများ ပေးအပ်မည်ဖြစ်သဖြင့် အထောက်အပံ့လိုအပ်သော ကျောင်းသား ကျောင်းသူများသည် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀-၀၁၁၈၀၊ ဦးဇော်အေးမောင် ဖုန်း-၀၉-၅၁-၄၀၄၀၇၊ ဦးကျော်ရင် ဖုန်း-၀၉-၅၁-၂၆၄၈၉၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀-၁၃၈၈၇၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁-၃၉၇၉၀၊ ဒေါက်တာမြနှင်းအေး ဖုန်း-၀၉-၅၀-၂၁၄၃၂၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၀-၅၈၁၃၆၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀၊ ဦးမြင့်ကျော် ဖုန်း-၀၉-၅၀-၆၄၆၅၃ တို့နှင့် ရခိုင်ပြည်နယ်မြို့နယ်များရှိ အသင်းကိုယ်စားလှယ်များထံ ဆက်သွယ်ကာ လျှောက်လွှာများရယူ၍ အမှတ် ၁၁၅၊ ပထမထပ်(ယာ)၊ သမိန်ဗရမ်းလမ်း တာမွေကြီး(က+ခ)ရပ်ကွက် တာမွေအဝိုင်းထိပ်အနီး တာမွေမြို့နယ်သို့ ဒီဇင်ဘာ၂၁ရက်နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း၊ ပညာသင်ဆုလှူဒါန်းလိုသူ အလှူရှင်များကိုလည်း ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝန်ကြီးများနှင့်တွေ့ဆုံ

နှစ်နိုင်ငံပြန်ကြားရေးနှင့်မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့

နေပြည်တော် အောက်တိုဘာ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ အောက်တိုဘာ၁၆ရက်က ကျင်းပခဲ့သည့် အာဆီယံ-တရုတ်ပြန်ကြားရေးနှင့် မီဒီယာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

သီးခြားစီတွေ့ဆုံ

အာဆီယံ-တရုတ် ပြန်ကြားရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr.Cai Wu နှင့်လည်းကောင်း၊ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Mr.Wang Chang နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အောက်တိုဘာ ၁၇ရက် ညနေ၃နာရီတွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာန၌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး Mr.Cai Wu နှင့်တွေ့ဆုံ၍ တရုတ်-မြန်မာနှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှု တိုးမြှင့်ရေးဆိုင်ရာများ၊ ယဉ်ကျေးမှုနှင့် ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အမြင်ချင်းဖလှယ်

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Mr. Wang Chang က အောက်တိုဘာ ၁၇ ရက် ည၇နာရီ မိနစ်၂၀တွင် ပေကျင်းမြို့ Raffles Beijing Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ညစာမသုံးဆောင်မီတွင် နှစ်နိုင်ငံဝန်ကြီးများသည် တရုတ်-မြန်မာနှစ်နိုင်ငံ ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံ ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တွေ့ဆုံဆွေးနွေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး Mr. Cai Wu တို့ ပေကျင်းမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ပြန်ကြားရေးဌာန ဝန်ကြီး Mr. Wang Chang တို့ ပေကျင်းမြို့ Raffles Beijing Hotel ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် အောက်တိုဘာ ၁၈ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ရှိ အရှေ့ကျောင်းကြီးတိုက်၌ နိုင်ငံတကာမှ အလှူရှင်များနှင့်ဆေးကုသရေးအဖွဲ့နှင့်အတူရောက်ရှိနေသော သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ဆရာတော်ကြီး Ven. Dr. Bodagama Chandima Thero နှင့်အဖွဲ့အား တွေ့ဆုံသည်။

ကြည့်ရှုအားပေး

ယင်းနောက်ဝန်ကြီးသည် ကျောင်းဝင်း အတွင်းရှိ ဓမ္မဗိမာန်၌ နိုင်ငံတကာ ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေကို လိုက်လံ ကြည့်ရှုအားပေးသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့တွင် အဖွဲ့ ဝင် စုစုပေါင်း၃၅ဦးပါဝင်ပြီး အလှူရှင်များ တွင် စင်ကာပူသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှပါဝင်ပြီး လေဘေး သင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် သီရိလင်္ကာဆရာတော်ကြီး ဦးဆောင်မှုဖြင့် တစ်တပ်တစ်အား ပါဝင် ကူညီလှူဒါန်းလျက်ရှိသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ညနေပိုင်း တွင် ကွမ်းခြံကုန်းမြို့နယ် ကွပ်ကဲရေးစခန်း ၌ ကျင်းပသော ကွမ်းခြံကုန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက် မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ် သည်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် အောက်တိုဘာ၁၉ရက် နံနက်ပိုင်းတွင်ကွမ်းခြံကုန်းမြို့ စံပြရပ်ကွက် ၌ လေဘေးသင့်ပြည်သူများအတွက်အလှူရှင် တရုတ်ချိုကျိုဗုဒ္ဓဘာသာအသင်းမှ လှူဒါန်း ပြီး ကျော်သာ ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ တည်ဆောက်မည့် လူနေအိမ် နမူနာပုံစံကို သွားရောက်ကြည့်ရှု စစ်ဆေး သည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီးအား အလှူရှင် တရုတ်ချိုကျို ဗုဒ္ဓဘာသာအသင်းမှ တာဝန်ရှိသူများနှင့် တာဝန်ခံအင်ဂျင်နီယာများက ဆောက်လုပ် လှူဒါန်းမည့် အိမ်နမူနာပုံစံနှင့်စပ်လျဉ်းသည် များကိုတင်ပြရာ ဝန်ကြီးက ယခုဆောက် လုပ်ပေးမည့် လူနေအိမ်များမှာ နောင်ဖြစ် ပေါ်လာနိုင်မည့် သဘာဝဘေးအန္တရာယ် ကင်းရှင်းရေးအတွက်ပါ ထည့်သွင်းစဉ်း စားရန်နှင့် ခိုင်ခံ့သပ်ရပ်စွာ တည်ဆောက် သွားရန် ညှိနှိုင်းမှာကြားပြီး နမူနာအိမ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွံတေးမြို့မဈေး ရေပိုက်များစစ်ဆေး

တွံတေး အောက်တိုဘာ ၂၁

တွံတေးမြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင်မြို့မဈေးကြီးအတွင်း အသုံးပြုသော ရေပိုက်များ ကောင်းမွန်မှု ရှိမရှိကို အောက် တိုဘာ ၅ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်နီနီသွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်) ပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)က နှစ်စဉ်ကျင်းပမြဲဖြစ်သော ပူဇော်ပွဲအခမ်း အနားကို အသင်းဝင် မိသားစုများနှင့် ဝေယျာဝစ္စအဖွဲ့ဝင်တို့ စုပေါင်း၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီပိဋကတ်ကျောင်းတိုက်တွင် နိုဝင်ဘာ၂ရက် (တနင်္ဂနွေနေ့) ၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၅ရက်တွင် ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း) ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း-၆၃၈၂၂၅၊ ဒေါ်ရီရီဝင်း ဖုန်း-၂၅၁၃၂၃၊ အတွင်းရေးမှူးအဖွဲ့ ဖုန်း-၃၈၉၂၆၅၊ ၂၉၁၃၇၉၊ ၆၆၂၀၈၆၊ ဘဏ္ဍာရေးမှူးဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈နှင့် ဗိုလ်ကြီး မြတ်ထိုက်(ငြိမ်း) ဖုန်း-၆၈၃၂၉၄၊ ၇၀၉၄၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျောက်ဆည် သာသနာ့ဗိမာန်လမ်း ကျောက်ချောခင်း

ကျောက်ဆည် အောက်တိုဘာ ၂၁

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိရာ စုကြီးရပ်ကွက် သာသနာ့ဗိမာန်လမ်း ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးမျိုးသိမ်း ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်း၊ ဒုတိယလက်ထောက် အင်ဂျင်နီယာ ဒေါ်ယုယုလွင်တို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရောဝတီတိုင်းနှင့်ပဲခူးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၁

အောက်တိုဘာ ၂၁ရက်က မြန်မာနိုင်ငံ၏ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့်ပဲခူးတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

အောက်တိုဘာ ၂၁ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

နေပြည်တော် (သပြေကုန်း)	၁ဒသမ၇၃ လက်မ
နေပြည်တော် (ရေဆင်း)	၁ဒသမ၂၆ လက်မ
ကျိုက္ခမီ	၅ဒသမ၃၁ လက်မ
ဥမြို့	၃ဒသမ၃၅ လက်မ
ပင်လောင်း	၂ဒသမ၉၁ လက်မ
လှိုင်ကော်	၂ဒသမ၃၆ လက်မ
ပြင်ဦးလွင်	၂ဒသမ၁၂ လက်မ
မော်လမြိုင်	၂ဒသမ၀၅ လက်မ
အောင်လံ	၁ဒသမ၄၆ လက်မ

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မိုးထစ်ချုန်းရွာနိုင်

အောက်တိုဘာ ၂၂ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာနိုင်ပြီး ကရင်ပြည်နယ်၊ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီ တိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်း မည်ဖြစ်သည်။

အောက်တိုဘာ ၂၂ရက်**(ယနေ့)** နေပြည်တော်၊ရန်ကုန်နှင့်မန္တလေးမြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

လှိုင်းအသင့်အတင့်

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ် အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ် မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

ပဲခူးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့
လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ **''လူငယ်အားမာန် မိုးယံဆီသို့''** ပြဇာတ်ပြိုင်ပွဲများကို အောက်တိုဘာ၂၀ရက် ညပိုင်းက နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပထမပိုင်းပြိုင်ပွဲတွင် ပဲခူးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့က ဆက်လက်ယှဉ်ပြိုင် တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုနှင့်ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကိုချစ်မြတ်နိုးကြသော ပြည်သူများ ကြည့်ရှုအားပေးကြသည်။

သရုပ်ဖော်ကပြ

ပဲခူးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီမံကြီးကြပ်သူ ဦးမင်းဆွေ၊ ဇာတ်ညွှန်းနှင့်ဒါရိုက်တာမောင်ဇော်ဝင်း(ပြည်)၊ ဂီတမှူး သရဖူ ဝေယံဟိန်း၊ အဓိက အမျိုးသားသရုပ်ဆောင် ဝင်းသူအောင်၊ အဓိကအမျိုးသမီးသရုပ်ဆောင် ဆွေဆွေမြင့်တို့နှင့်အတူ သရုပ်ဆောင်အဖွဲ့သားများက ရောဝတီတိုင်း လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာလူငယ်များ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ခဲ့မှုများကို သရုပ်ဖော်တင်ဆက်ကပြဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့
မဟာဗုဒ္ဓဝင် တောထွက်ခန်း ရုပ်စုံသဘင် ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ''မဟာဗုဒ္ဓဝင်တောထွက်ခန်း'' ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့၏ ယှဉ်ပြိုင်မှုအစီအစဉ်ကို အောက်တိုဘာ၂၀ရက် ည ၇နာရီက နေပြည်တော်ရှိ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပသည်။(အပေါ်ပုံ)

ကြည့်ရှုအားပေး

အဆိုပါ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ ရုပ်စုံအကဲဖြတ် ပညာရှင်များနှင့် ရုပ်စုံသဘင်ပညာကို ချစ်မြတ်နိုးသောပြည်သူများ ကြည့်ရှုအားပေးကြသည်။

သရုပ်ဖော်တင်ဆက်

စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံအဖွဲ့ကို နာယက ပန်တျာဦးမြကြည်နှင့် အဖွဲ့ခေါင်းဆောင် ဦးလင်းဇော်တို့ ဦးဆောင်ပြီး ဇာတ်ညွှန်းနှင့် ဇာတ်ဝင်တေးသီချင်းကို မြင်းခြံအောင်နိုင်က ရေးသားကာ ဂီတမှူး ရန်ကုန်သက်ဝေ၊ ကြိုးဆွဲခေါင်းဆောင် ဦးစိန်မောင်ဝင်း၊ ဆို-ငို-ပြော ပညာရှင် တက်ခေတ်လင်းဇော်၊ ပွဲပိုးဆိုင်း မြန်မာပြည်ငြိမ်းချမ်းတို့က အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခန်းကို ရုပ်စုံသဘင်ပညာဖြင့် သရုပ်ဖော်တင်ဆက် ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

သွယ်တန်းချိတ်ဆက်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် သာကေတ-သန်လျင် မဟာဓာတ်အားလိုင်းများအား လျှပ်စစ်ကျွမ်းကျင်လုပ်သားများက သွယ်တန်းချိတ်ဆက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သာကေတ-သန်လျင် မဟာဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း
အန္တရာယ်ကင်းရေးနှင့် သတ်မှတ်ကာလပြီးစီးရေး အလေးထားဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် အောက်တိုဘာ ၂၀ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ကျင်းပသည့် အင်ဂျင်နီယာလုပ်ငန်းခွင် ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါသင်တန်းသို့ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘွဲ့နှင့် အီလက်ထရွန်နစ်ဘွဲ့ရ သင်တန်းသား ၂၃ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

သွယ်တန်းချိတ်ဆက်

ယင်းနောက် ဝန်ကြီးသည် ရန်ကုန်မြို့ သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအနီးရှိ ကမာနတ်(ပဲခူး)-သန်လျင် 230KV ဓာတ်အားလိုင်းမှ သာကေတ-သန်လျင် Twin Bundle Double Circuit Line တာဝါတိုင် အမှတ်(၅)မှ (၁၀)အထိ ဓာတ်အားလိုင်းအား လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် သွယ်တန်းချိတ်ဆက်ခြင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် သာကေတသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ စက်စွမ်းအားပြည့်လည်ပတ်ဓာတ်အားထုတ်လုပ်မှုနှင့် စက်ရုံ Control Room ၌ ဓာတ်အား အဝင်/အထွက် လက်ခံ/ဖြန့်ဖြူးပေးမှု အခြေအနေ၊ 33KV နှင့် 66KV အထွက် ဓာတ်အားလိုင်းများ ထိန်းချုပ်ပို့လွှတ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သာကေတ-သန်လျင် 230KV မဟာဓာတ်အားလိုင်း သွယ်တန်းခြင်း လုပ်ငန်းများ စနစ်တကျရှိစေရေး၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥရုရတနာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

ဖားကန့် အောက်တိုဘာ ၂၁

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သည့် ဥရုရတနာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့မှ ဆောင်ရွက်ကြရာ အောက်တိုဘာ ၁ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်က ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

Yess သကြားလုံးစက်ရုံမှ ငွေကျပ် သိန်း၉၀ ခိုးယူသူ
နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

လှိုင်သာယာမြို့နယ်Yessသကြားလုံးစက်ရုံမှ ငွေကျပ်သိန်း၉၀ခိုးယူသူ တရားခံ မြတ်နိုးကိုကို။ (သတင်းစဉ်)

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် Yess သကြားလုံးစက်ရုံ ဗီရိုအတွင်း ထားရှိသော ငွေကျပ်သိန်း၉၀ ခိုးယူသူ တရားခံအား လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့က နာရီပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

တိုင်တန်းခဲ့

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၂၈ရက် နံနက် ၉နာရီခန့်တွင် Yess သကြားလုံးစက်ရုံမန်နေဂျာ ဦးလင်းပြည့်ဗိုလ်သည် အလုပ်သမားများအား လစာပေးရန် ဗီရိုအတွင်း ထားရှိသော ငွေကျပ် သိန်း ၉၀ ပျောက်ဆုံးနေကြောင်း လှိုင်သာယာရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

ဖော်ထုတ်ဖမ်းဆီးနိုင်

တရားခံအား အမြန်ဖော်ထုတ်နိုင်ရေးအတွက် လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ အခင်းဖြစ် စက်ရုံရုံးခန်းအား စစ်ဆေးခဲ့ရာ ပြင်ပမှဝင်ရောက်ခိုးယူခြင်းမဟုတ်ဘဲ စက်ရုံဝန်ထမ်းမှ ခိုးယူသည်ဟုသုံးသပ်ရရှိသဖြင့် စက်ရုံဝန်ထမ်းများအတွင်း စုံစမ်းခဲ့ရာ စက်ရုံဝန်ထမ်း မြတ်နိုးကိုကို (အသက်၂၀) အမှတ် ၅၂ မြဝတီမင်းကြီးလမ်း စက်မှုဇုန်(၄) လှိုင်သာယာမြို့နယ်နေသူအား စက်တင်ဘာ ၂၈ရက် ည ၈နာရီက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ပြန်လည်သိမ်းဆည်း

မြတ်နိုးကိုကိုအား စစ်ဆေးမေးမြန်းရာ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုပြီး ငွေကျပ်သိန်း ၉၀အနက် ငွေကျပ်သိန်း ၇၀ကို စက်ရုံဂိုဒေါင်မှလည်းကောင်း၊ ကျန်ငွေကျပ်သိန်း ၂၀ခန့်ဖြင့် ဝယ်ယူထားသော လက်ဝတ်ရတနာပစ္စည်းများကိုလည်းကောင်း ပြန်လည် သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်း ရတနာဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနနှင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို အောက်တိုဘာ ၁၈ရက်က ၁၆/ရတနာ ဈေးကြီး၌ ကျင်းပရာ အရှေ့ပိုင်းခရိုင် မီးသတ်ဇုန်နယ်မြေမှူး ရဲသူရိန်သိန်းမြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲကျော်သူညဏ်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဈေးများဌာန ခွဲမှူး ဒေါ်အမာနီ၊ ဌာနစုမှူး ဒေါ်ခင်မူတင့်၊ ရတနာဈေးတာဝန်ခံ ဦးခင်မောင်သိန်းနှင့် ဝန်ထမ်းများ၊ ဈေးသူဈေးသားများ စိတ်ပါဝင်စားစွာတက်ရောက်ကြပြီး ခရိုင်မီးသတ်ဇုန်နယ်မြေမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က အကျယ်တဝင့် ပညာပေး ဟောပြောကြသည်။

သရုပ်ပြ

ယင်းနောက် တာဝန်ရှိသူတို့က လက်တွေ့မီးငြိမ်းသတ်နည်းများ ရှင်းလင်းပြသကြပြီး ဈေးဝန်ထမ်းများနှင့် ဈေးသူဈေးသားတို့က မီးသတ်ဘူးတို့ဖြင့် လက်တွေ့ငြိမ်းသတ် သရုပ်ပြသကြသည်။ **(ဝဲပုံ)(၁၂၁)**

ဥတုရာသီ တောကိုမှီ၏

22-10 (07).pmd 1 10/22/2008, 2:38 AM

● **ရှေ့ဖုံး**

ယခင်ရွှေချောင်းတံတားဟောင်းမှာ သစ်သားတိုင် အပေါ်ထည် ဘေလီသံပေါင်အမျိုးအစားဖြစ်ရာ မိုးရာသီကာလ ရွှေချောင်းရေ ဒလဟော စီးဆင်းလာသည့်အခါ တံတားပျက်စီးသဖြင့် မကြာခဏပြုပြင်ခဲ့ရသည်။ ခရီးသွားများလည်း ချောင်းရေကျချိန်အထိ ညအိပ်စောင့်ဆိုင်းခဲ့ကြရသည်။ ယင်းသို့သောဒုက္ခများကို ကျော်လွှားနိုင်ရန်အတွက် ရွှေချောင်းတံတားကြီးကို ခိုင်ခံ့သော တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

အကျိုးပြု

ယခုရွှေချောင်းတံတားသစ်ကြီးကြောင့် မကွေးတိုင်းအတွင်းရှိ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်အနောက်ခြမ်းနှင့် ငဖဲမြို့နယ်တောင်ဘက်ခြမ်းတို့ရှိ ကျေးရွာပေါင်း ၆၁၀နှင့် ဒေသခံပြည်သူ သုံးသိန်းခြောက်သောင်းကျော်တို့အတွက် များစွာအကျိုးပြုနေပေပြီ။

သွက်လက်မြန်ဆန်

ထို့ပြင် အထက်အညာဒေသက ထွက်ကုန်များနှင့် အောက်ပြည်အောက်ရွာမှ ထွက်ကုန်များကို အပြန်အလှန် ရောင်းဝယ်ဖောက်ကားရာတွင်လည်း သွက်လက်မြန်ဆန်လာစေသည်။ ထို့မှမက မုံရွာ-ကလေးဝ-ကလေး-တမူး လမ်းသစ်ကြီးမှာလည်း ပြီးစီးနေပြီဖြစ်ရာ ရွှေချောင်းတံတားကြီးရှိနေသည့် ပုသိမ်-မုံရွာ လမ်းမကြီးမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ပါ ကုန်စည်ရောင်းဝယ်ဖောက်ကားမှုများမှာလည်း သွက်လက်မြန်ဆန်လာခဲ့ပြီ ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ

နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၁

အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူး (General Officer Commanding-in-Chief, Eastern Command) Lt.Gen.VK Singh, AVSM, YSM နှင့် ဇနီး Mrs.Bharti Singh နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ဇနာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယ(ကြည်း)တပ်မှ အရှေ့ပိုင်းတိုင်း တိုင်းမှူးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆဋ္ဌမနေ့ပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲယှဉ်ပြိုင်

အနုသုခုမပညာကို လေးစားတန်ဖိုးထားကြသူများ ပျော်ရွှင်စွာ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆဋ္ဌမနေ့ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။

အဆိုပါ ပြိုင်ပွဲများသို့ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ ပြိုင်ပွဲဝင် အသင်းကြီးကြပ်သူများ၊ ပြိုင်ပွဲဝင်များနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာကို လေးစားတန်ဖိုးထားကြသော ပြည်သူများ ပျော်ရွှင်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပြိုင်ပွဲ

ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲကို နံနက်ဇနာရီတွင် စိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းမှ ဦးမျိုးခိုင်၊ ရန်ကုန်တိုင်းမှ ဦးတိုင်းချစ်၊ ရှမ်းပြည်နယ်မှ ဦးသန်းတင်၊တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ စစ်ကိုင်းတိုင်းမှ ဦးလင်း၊ မန္တလေးတိုင်းမှ ဦးဇော်ထွေးလတ်၊ ကချင်ပြည်နယ်မှ ဦးဘိုတင်၊ ကယားပြည်နယ်မှ ဦးဝင်းအောင်၊ ပဲခူးတိုင်းမှ ဦးအေးလွင်၊ ရခိုင်ပြည်နယ်မှ ဦးဘိုသန်းထိုက်၊ မွန်ပြည်နယ်မှ မောင်ခင်မောင်ဇော်၊ မန္တလေးတိုင်းမှ ဦးရွှေစင်ထွန်းမင်း၊ ချင်းပြည်နယ်မှ ဦးသန်းဇော်၊ ဧရာဝတီတိုင်းမှ ဦးသန်းဝင်းအောင်၊ ကရင်ပြည်နယ်မှ မန်းသာတိုးနှင့် ရန်ကုန်တိုင်းမှ ဦးထွန်းထွန်းဦးတို့က **"ဗုဒ္ဓဂုဏ်ရည် ခြောက်ရောင်ခြည်"** သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ခေတ်ဟောင်း၊ကာလပေါ် အဆိုပြိုင်ပွဲကို ကျင်းပရာ ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ ကချင်ပြည်နယ်မှ မဆုမွန်ဦး၊ ဧရာဝတီတိုင်းမှ မသိန်းသိန်းဌေး၊ မွန်ပြည်နယ်မှ မဝင်းမာအေး၊ မကွေးတိုင်းမှ မဟေမာသက်ပိုင်ကျော်၊ ရန်ကုန်တိုင်းမှ မသီရိစုဝေ၊ စစ်ကိုင်းတိုင်းမှ မအိအိပြုံး၊ ရန်ကုန်တိုင်းမှ မသူဇာနွယ်၊ ပဲခူးတိုင်းမှ မချယ်ရီဝင်း၊ ရခိုင်ပြည်နယ်မှ မသန်းသန်းဆင့်၊ တနင်္သာရီတိုင်းမှ မဝေယံမိုး(ခ) မိုးမိုး၊ မန္တလေးတိုင်းမှ မခင်သီတာမြိုင်နှင့် မရတနာဦးနှင့် ကယားပြည်နယ်မှ မချောစုတို့က **"တောသူအချစ်"** သီချင်းဖြင့် သီဆိုပြိုင်ပွဲဝင်ကြသည်။

အကပြိုင်ပွဲ

ပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး အကပြိုင်ပွဲကို နံနက်ဇနာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်မှ မနှင်းနှင်းစော၊ ရန်ကုန်တိုင်းမှ မသူဇာလှိုင်နှင့် မရွှေစင်မြင့်၊ ပဲခူးတိုင်းမှ မဝင့်ရွှေရည်ဝင်း၊ မွန်ပြည်နယ်မှ မဖြူဖြူအောင်၊ ကချင်ပြည်နယ်မှ မပြုံးအိစံ၊ ဧရာဝတီတိုင်းမှမသက်နှင်းအိမ်၊မန္တလေးတိုင်းမှ မသဲသဲလင်း၊ ပဲခူးတိုင်းမှ မဇာဇာဝင်းကြည်၊ ဧရာဝတီတိုင်းမှ မနီလာသိန်း၊ ကရင်ပြည်နယ်မှ မိသီတာဦး၊ စစ်ကိုင်းတိုင်းမှ မမေသကြာ်န်၊ မန္တလေးတိုင်းမှ မအေးသူဇော်၊ စစ်ကိုင်းတိုင်းမှ မဇင်မာအောင်၊မွန်ပြည်နယ်မှမဖြိုးဖြိုးခိုင်၊ ကချင်ပြည်နယ်မှ မနေနွယ်ဇင်လင်း၊ ချင်းပြည်နယ်မှ မေရီဗျက်လှောန်မွေးနှင့် ကရင်ပြည်နယ်မှ မစိမ့်စမ်းရေအေးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲ၏ အရေးပြိုင်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များသည် ယနေ့တွင် နေပြည်တော် ရွာတော်အမှတ်(၇)တည်းခိုစခန်းရှိ သတ်မှတ်နေရာ အသီးသီးတို့၌ သံစဉ်စာသားလေ့ကျင့်ကြသည်။

တယောထိုးပြိုင်ပွဲ

ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား တယောထိုး ပြိုင်ပွဲကို နံနက်ဇနာရီတွင် သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းမှ ဦးတင်ဝင်း၊ ရခိုင်ပြည်နယ်မှ ဦးခင်မောင်ရင်၊ ရန်ကုန်တိုင်းမှ ဦးဘခက်၊ ဧရာဝတီတိုင်းမှ ဦးစည်သူအောင်၊ မန္တလေးတိုင်းမှ ဦးလှအောင်၊ ကချင်ပြည်နယ်မှ ဦးကြည်မောင်နှင့် ရန်ကုန်တိုင်းမှ ဦးလှသိန်းတို့က **"အမင်းမင်းခယ"** (သီချင်းခန့်)ဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင်အခြေခံပညာအဆင့်အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသား တယောထိုးပြိုင်ပွဲကို ကျင်းပရာ ကချင်ပြည်နယ်မှ မောင်ရျော်န်း ဆိုင်းလတ်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဇေယျအောင်၊ မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးဇော်နှင့် ရန်ကုန်တိုင်းမှ မောင်ဝိုင်းလမင်းအောင်တို့က **"ဝေဘာ ဂီရိ"** (ကြိုး) သီချင်းဖြင့် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး တယောထိုးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မနော်စုသဲသဲအောင်၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ရန်ကုန်တိုင်းမှ မနော်မူစဲဝင်းနှင့် ဧရာဝတီတိုင်းမှမနှင်းဥရွှေရည်တို့က **"သီတာသီတာမြသား"** (ကြိုး) သီချင်းဖြင့် ဝင်ရောက်ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲကို နံနက်ဇနာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းနှင့် ပေါက်ကျော်မ၊ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်တို့က **"အောင်မင်္ဂလာ"** (ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၁၀)နှစ်မှ (၁၅)နှစ်အထိ အမျိုးသား ပတ္တလား အတီးပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းမှ မောင်သူရထက်နိုင်၊ ရှမ်းပြည်နယ်မှ မောင်ခန့်ဝင်း၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုဇော်၊ ပဲခူးတိုင်းမှ မောင်မျိုး၊ကချင်ပြည်နယ်မှ မောင်ဝေယံပိုင်၊ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ထက်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းအောင်၊ မန္တလေးတိုင်းမှ မောင်ဗိုလ်ရဲထက်၊တနင်္သာရီတိုင်းမှ မောင်ဇော်တင်လင်း၊ မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူနှင့် ရန်ကုန်တိုင်းမှ မောင်စောနောင်တို့က **"မိုးဒေဝါချိန်ခါလေ"** (ပတ်ပျိုး)သီချင်းဖြင့်ယှဉ်ပြိုင်ကြသည်။

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ပြိုင်ပွဲ၏ ဝါသနာရှင် အဆင့် (ဒုတိယတန်း)အမျိုးသား ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲကို နံနက်ပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်မင်း(ခ) ရန်ကုန်ရှုဝံ၊ ဧရာဝတီတိုင်းမှ ဦးသက်နိုင်ချို၊ ကယားပြည်နယ်မှ ဦးစန်းလွင်၊ မန္တလေးတိုင်းမှ မောင်ဗိုလ်နိုင်၊ မကွေးတိုင်းမှ ဦးချစ်ဝင်းလှိုင်၊ မန္တလေးတိုင်းမှ ဂန္ထဝင်စစ်သွေး၊ ပဲခူးတိုင်းမှ မောင်ကျော်စိုးဟန်၊ ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်နှင့် စစ်ကိုင်းတိုင်းမှ စိန်စတား(ခ) မောင်မျိုးမြတ်ဦးတို့က **"မှိုင်းမှိုင်းမြ"** (သီချင်းခံ) ဖြင့် တီးခတ်ပြိုင်ပွဲဝင်ကြပြီး မွန်းလွဲပိုင်းတွင် အဆင့်မြင့်ပညာအဆင့်(အမျိုးသား) ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပဲခူးတိုင်းမှ မောင်ဇော်ဇော်နိုင်၊ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်မင်း၊ မန္တလေးတိုင်းမှ မောင်အောင်ဗိုလ်ဟိန်း၊ ရန်ကုန်တိုင်းမှ မောင်ညီရဲသီဟ၊ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦး၊ ရန်ကုန်တိုင်းမှ မောင်မြတ်မိုးပိုင်(ခ) ပိုင်ပိုင်နှင့် စစ်ကိုင်းတိုင်းမှ မောင်ညီညီလွင်တို့က **"ပြည်သပြေညှာ"**(ယိုးဒယား) သီချင်းဖြင့် ဝင်ရောက် ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲ၏ဝါသနာရှင်(ပထမတန်း) အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို နံနက်ဇနာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ **"မြန်ချာမြေကို"** (ပတ်ပျိုး) သီချင်းဖြင့် မကွေးတိုင်းမှ ဦးကျော်ဌေး၊ ရန်ကုန်တိုင်းမှ ဦးလှိုင်တင့်ဆွေ၊ ဧရာဝတီတိုင်းမှ ဦးမောင်ဟန်၊ ရန်ကုန်တိုင်းမှဦးတင့်ခိုင်နှင့် ပဲခူးတိုင်းမှ ဦးစိန်ဝင်းတို့က တီးခတ်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲဝင်

ထို့နောက် အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)အထိ အမျိုးသားဒုံမင်းတီးပြိုင်ပွဲတွင် **"နန်းဘုံသီဟာဇွေ"**(ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်အောင်စည်မင်းထက်နှင့် မောင်ဇေယျာစိုးဦး၊ ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် ပဲခူးတိုင်းမှ မောင်သီဟလင်းတို့ ဝင်ရောက်တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"သီရိဂေဟာ"**(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဗညားဦး၊ ပဲခူးတိုင်းမှ မောင်သာထက်စံနှင့် ရန်ကုန်တိုင်းမှ မောင်ဝေယံဖြိုးတို့ တီးခတ်ယှဉ်ပြိုင်ကြသည်။

တီးခတ်

ထို့နောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲတွင် **"သာယာ"** (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မအေးသဇင်၊ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်နှင့် မမီမီနိုင်စိုး၊ မန္တလေးတိုင်းမှ မနှင်းအိခိုင်တို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

လူငယ်အားမာန် မိုးယံဆီသို့ ပြဇာတ်ပြိုင်ပွဲ

ကချင်ပြည်နယ်ကိုယ်စားပြုပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ **"လူငယ်အားမာန် မိုးယံဆီသို့"** ပြဇာတ်ပြိုင်ပွဲ၏ ဒသမမြောက် ပြိုင်ပွဲအစီအစဉ်ကို ယမန်နေ့ညဇနာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့က ကချင်ပြည်နယ် ရေခဲတောင်သဘာဝ ရှုခင်းပြကွက်များဖြင့် အနုပညာရသ ပြောင်မြောက်မြူးကြွဝေဆာစွာ ပြိုင်ပွဲဝင်သွားသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ကချင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးမိုးညို၊ ဇာတ်ညွှန်း ဒါရိုက်တာအဖြစ် ပေါက်ကျိုင်း၊ ခေါင်းဆောင်မင်းသား သိန်းစိုး၊ ခေါင်းဆောင်မင်းသမီး စုမြတ်သီဂီ၊ ပံ့ပိုးသူများအဖြစ် ဦးမောင်ချစ်နှင့် ဒေါ်စိန်စိန်မြင့်တို့အဖွဲ့၊ အောင်စိုးမိုး ဆိုင်းအဖွဲ့တို့က ဇာတ်ပို့၊ ဇာတ်ရံများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ကြသည်။

ယှဉ်ပြိုင်တင်ဆက်

ပြိုင်ပွဲတွင် ကချင်ပြည်နယ် မချမ်းဘောမြို့အနီးရှိ ဖုန်ကန်ရာဇီ ရေခဲတောင်ကြီးကို ဖခင်လက်ထက်တွင် မတက်ရောက်နိုင်ခဲ့သော်လည်း မိခင်နှင့်ဦးလေးဖြစ်သူတို့၏ တားမြစ်သည့်ကြားမှ **"လူငယ်အားမာန် မိုးယံဆီသို့"** ဆိုသည့် စိတ်ဓာတ်ဖြင့် တက်ရောက်နိုင်ခဲ့သည့် လူငယ်တစ်ဦး၏ အားမာန်ပြည့်ဝသော သရုပ်ဖော်ပြကွက်များကို ပြဇာတ်ပညာဖြင့် ယှဉ်ပြိုင်တင်ဆက်သွားသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

အသက်(၁၅)နှစ်မှ (၂၀)အထိ အခြေခံပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဖြူဖြူအောင်၏ ပါဝင်ယှဉ်ပြိုင်မှုကလည်း တစ်မျိုးတစ်ဘာသာ။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာပြိုင်ပွဲပုံရိပ်များ

မြန်မာ့အခြေခံ ဇာတိမာန် မူမှန်ရှေးရှု ယဉ်ကျေးမှု

အဆင့်မြင့်ပညာအဆင့် အမျိုးသမီး (ခေတ်ဟောင်း/ကာလပေါ်) အဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မမျိုးနှင်းသဇင်၏ သီဆိုယှဉ်ပြိုင်ဟန်။

အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မအေးသဇင်၏ တီးလက်။

အလှဆုံးမြန်မာ

* ဆိုကြ ကကြ ရေးတီးကြနှင့်
အနုပညာ ပန်းမာလာတို့
လန်းဖြာတူစုံ အမုံအစွင့်
အပွင့်အခိုင် မွှေးသင်းကြိုင်သည်
ပြည်နိုင်ငံလုံး ပန်းစုံဖုံး။

* ပန်းလှစုံညီ မြန်မာပြည်တွင်
စည်သံဗြောသံ သောသောညံလျှက်
မူဟန်ယဉ်ကျေး အလှသွေးကြွယ်
လူရေးထည်စွ တင့်တယ်လှသည်
ရွှန်းပမဆုံး ပီတိဖုံး။

* ပီတိခိုင်ဖြိုး မြန်မာမျိုးကား
အရိုးခံသက် အရှက်မဖုံး
တစ်သက်လုံးပ ပြုံးပျော်ကြည်နူး
ရှင်မြူးတဝ ရပ်တည်ကြသည်
စံပြတန္နန်း အလှဆုံး။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျှက်-

ဒေါက်တာသန်းဦး

အသက်(၅)နှစ်မှ(၁၀)နှစ်အထိ အခြေခံပညာအဆင့် အမျိုးသား တယောထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ဇေယျအောင် ဆွဲငင်ယှဉ်ပြိုင်ဟန်။

သံစဉ်စာသားလေ့ကျင့်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အရေးပြိုင်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်ကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ သံစဉ်စာသားလေ့ကျင့်မှု။

အခြေခံပညာအဆင့် (၁၀-၁၅) အမျိုးသား ပတ္တလားတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ မောင်အောင်ကိုဇော် ယှဉ်ပြိုင်မှုကို ဤသို့ စိတ်ဝင်တစား အားပေးကြည့်ရှုခဲ့ကြသည်။

ဓာတ်ပုံလက်စွမ်း

တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာအပြင်အဆင်

ထိန်လင်း

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအစဉ်အလာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါ

မောင်လှကြည်

မြန်မာနိုင်ငံသည် တိုင်းရင်းသား မျိုးနွယ်စုများ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံ ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်နေစေရန် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်နှင့် ဇာတိသွေးဇာတိမာန် အစဉ်ထက်မြက်မြင့်မားနေရန် အလွန်အရေးကြီးပါသည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ တိုင်းရင်းသား လူမျိုးအချင်းချင်း အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ သေအတူရှင်မကွဲ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်း စိတ်ဓာတ်၊ အမိနိုင်ငံတော်ကြီးကို တစ်စိတ်တစ်ဝမ်းတည်း ချစ်ခင်မြတ်နိုးပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်မျိုး ဖြစ်ပေသည်။

လူမျိုးတစ်မျိုး၏ အကျင့်စာရိတ္တသည် ထိုလူမျိုး၏ စိတ်ဓာတ်ပေါ်တွင်အခြေခံပါသည်။ စိတ်ဓာတ် ကောင်းပါမှ၊ တစ်နည်းအားဖြင့် စိတ်ဓာတ်မြင့်မားနေပါမှ အကျင့်စာရိတ္တကောင်းမည် ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်များ အစဉ်အမြဲ ကိန်းအောင်းနေခြင်းဖြင့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားခိုင်မာလာမည် ဖြစ်ပါသည်။

အခြေခံပညာအဆင့်(၁၀-၁၅)နှစ်(အမျိုးသမီး) အကပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မဇင်လမ်းညောင် ကပြယှဉ်ပြိုင်စဉ်။

အမျိုးသားယဉ်ကျေးမှုတွင်ပါဝင်သည့် အဆို၊ အက၊ အရေး၊ အတီးအနုပညာသည် မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ်ပိုင်ရပ်တည်လာခဲ့သည့် အမျိုးသားယဉ်ကျေးမှုတစ်ရပ်ပင် ဖြစ်ပါသည်။ မြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီးအနုပညာသည် ခေတ်အလိုက် တီထွင်ဆန်းသစ်မှုရှိသကဲ့သို့ ရှေးရိုးမြန်မာတို့၏ အဆို၊ အက၊ အရေး၊ အတီးအနုပညာများကိုလည်း ချစ်ခင်မြတ်နိုးထိန်းသိမ်းခဲ့ကြသည်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးခြင်းသည် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို ထက်မြက်စေသည့် အမျိုးသားရေး စရိုက်လက္ခဏာများပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဘိုးစဉ်ဘောင်ဆက် မျိုးချစ်စိတ်နှင့် ဇာတိသွေးဇာတိမာန် အစဉ်ထက်မြက်မြင့်မားနေ၍သာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု အရှည်တည်တံ့လာခဲ့ခြင်း ဖြစ်ပါသည်။

ဝါသနာရှင်(ပထမတန်း) အမျိုးသား နဲ့ပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဦးလှဌေး ဤသို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ခဲ့သည်။

ယနေ့အချိန်အခါတွင် ကမ္ဘာကြီးသည် တစ်နေ့တခြား တိုးတက်ပြောင်းလဲလာနေသည်။ အထူးသဖြင့် တိုးတက်လာသော ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကြောင့် သတင်းဆက်သွယ်မှုလုပ်ငန်း တွင်ကျယ်လာသည်။ ကမ္ဘာ့နိုင်ငံများမှာလည်း Global Village ခေါ် ကမ္ဘာ့ရွာသဖွယ် တစ်ရွာနှင့်တစ်ရွာကဲ့သို့ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်မှု ပိုမိုကောင်းမွန်လာသည်။ အင်္ဂလန်တွင် ဘောလုံးကန်သည်ကို တစ်ကမ္ဘာလုံးက တစ်ချိန်တည်း တစ်ပြိုင်တည်းကြည့်နိုင်သည့် အဆင့်အထိ တိုးတက်နေသည်။ ထို့အတူ သတင်း အဖြစ်အပျက်တို့သည်လည်း စက္ကန့်ပိုင်း၊ မိနစ်ပိုင်း တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့လျက်ရှိသည်။ ဤမျှအထိ လူထုဆက်သွယ်ရေး ယန္တရားဖြစ်သည့် Media သည် ကမ္ဘာကို လွှမ်းမိုးလျက်ရှိသည်။

လူထုဆက်သွယ်ရေးလုပ်ငန်း Media တွင် စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်ရှင်၊ ရုပ်မြင်၊ ဂီတ၊ သဘင်တို့ အကျုံးဝင်သည်။ အထူးသဖြင့် ဂီတ၊ ရုပ်ရှင်၊ ရုပ်မြင်တို့သည် လူငယ်လူရွယ်များကို လွှမ်းမိုးလွယ်သည်။ တိုးတက်သော နည်းပညာခေတ်တွင် Electronic Media ကို အသုံးပြု၍ သတင်း၊ ရုပ်ရှင်၊ ရုပ်မြင်၊ တေးဂီတတို့ကို တစ်ကမ္ဘာလုံးသို့ စက္ကန့် မိနစ်မခြား စဉ်ဆက်မပြတ် ထုတ်လွှင့်လျက်ရှိနေသည်။ ထို့ကြောင့် အနောက်တိုင်း တေးဂီတ၊ ဝတ်စားဆင်ယင်မှု အကျင့်စရိုက်များ မျိုးချစ်စိတ်ဓာတ် ကိုယ်ခံအားနည်းသူတို့ထံ လွှမ်းမိုးရန် အခွင့်အလမ်း သာလျက်ရှိသည်။ ဤသို့သော အခြေအနေမျိုးတွင် လူငယ်လူရွယ်ထုအတွင်း မျိုးချစ်စိတ် ကိုယ်ခံအားကောင်းစေရန်အတွက် အမျိုးသားရေး စိတ်ဓာတ်များ အစဉ်ထက်မြက် မြင့်မားနေရန် အရေးကြီးပေသည်။

အဆင့်မြင့်ပညာအဆင့် ပတ္တလားအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မစိမ်းမိုး လက်စွမ်းပြတီးခတ်ဟန်....။

ကိုယ့်နိုင်ငံ ကိုယ့်အမျိုးသား ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးခြင်းသည် မျိုး ချစ် စိတ် နှင့် ဇာတိသွေး ဇာတိမာန်ကို ထက်သန်စေပါသည်။ အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုတွင် ပါဝင်သည်။ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းရန်အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဦးတည်ချက်များ ချမှတ်ကာ နှစ်စဉ်ကျင်းပခဲ့ပေသည်။

အသက် ၁၅နှစ်မှ၂၀အထိ(အမျိုးသား)ဒိုးပတ်အတီးပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မောင်လင်းထန်အဖွဲ့ ပါဝင်ယှဉ်ပြိုင်မှု။

ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ဤကဲ့သို့ အဆို၊ အက၊ အရေး၊ အတီး အနုပညာများကို ခေတ်အလိုက် ခေတ်ဟောင်း၊ ခေတ်သစ်၊ ကာလပေါ်ခွဲခြား၍လည်းကောင်း၊လူကြီးလူငယ် ခွဲခြား၍လည်းကောင်း ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းရာ ရောက်သည့်အပြင် လူကြီးလူငယ်အရွယ်မရွေးမြန်မာ့ရိုးရာအနုပညာကို လေးစားမြတ်နိုး စောင့်ထိန်းသည့် အလေ့အကျင့်များ ဖြစ်ထွန်းကာမျိုးချစ်စိတ်ဓာတ်နှင့်ဇာတိသွေးဇာတိမာန်များ နိုးကြားလာမည် ဖြစ်ပေသည်။ ခေတ်အဆက်ဆက်မှ ဘိုးဘွားဘီဘင်တို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသဖြင့်သာ

အခြေခံပညာအဆင့် (၅-၁၀)နှစ် ဂီတာပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်ပိုင်ဟိန်းကျော်၏ ယှဉ်ပြိုင်တီးခတ်ဟန်....။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအစဉ်အလာတို့သည် ယခုတိုင် အရှည်တည်တံ့ခိုင်မြဲနေခြင်း ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတော်တွင်မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာအစဉ်အလာ ဆက်လက်အရှည်တည်တံ့ ခိုင်မြဲရေး အတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်မှာ ယနေ့မျက်မှောက်ခေတ် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

မြန်မာနိုင်ငံတွင် ဘိုးစဉ်ဘောင်ဆက် မျိုးချစ်စိတ်နှင့် ဇာတိသွေး ဇာတိမာန် အစဉ်ထက်မြက်မြင့်မားနေ၍သာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်ယဉ်ကျေးမှု အရှည်တည်တံ့လာခဲ့ခြင်းဖြစ်၏။

✳ ကျောဖုံးမှ

ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းများမှ ကလေးငယ်တို့၏ စွမ်းရည်မှာ ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများ အပါအဝင် အကဲဖြတ်ဒိုင်များပင် တအံ့တသြဖြစ်ရသည်။ အရည်အချင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် အမှားအယွင်းကင်းစင်မှု၊ ပင်ကိုအသံကောင်းမွန်မှုတို့ကား တစ်ဦးနှင့်တစ်ဦး မတိမ်းမယိမ်း၊ အကဲဖြတ်အမှတ်ပေးဒိုင်တို့ ရုတ်တရက် ဝေခွဲမရ၊ အကြိမ်ကြိမ် ညှိနှိုင်း အကဲဖြတ် အမှတ်ပေးကြရသည်။

ဂုဏ်ယူမဆုံး

ခေတ်ဟောင်း/ကာလပေါ်အဆိုပြိုင်ပွဲဝင်ပြီး စင်မြင့်ပေါ်မှ ဆင်းလာသူတစ်ဦးကို တွေ့ဆုံမေးမြန်းရာ ``သမီးက ချင်းပြည်နယ် ထန်တလန်မြို့ကပါ။ အမည်က မဗန်ရွှေမွေးလို့ ခေါ်ပါတယ်၊ အရင်နှစ်ပြိုင်ပွဲတွေက ရွှေတံဆိပ်နှစ်ခု ရရှိထားပါတယ်၊

``အရင်နှစ်ပြိုင်ပွဲတွေက ရွှေတံဆိပ်နှစ်ခု ရရှိထားပါတယ်၊ အားရအောင် ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်''
မဗန်ရွှေမွေး
ခေတ်ဟောင်း/ကာလပေါ်အဆို (ချင်းပြည်နယ်)

ဒီနှစ်လည်း အချိန်ရသမျှ တစ်နှစ်လုံး လေ့ကျင့်ခဲ့တာဆိုတော့ အားရအောင် ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ သမီးရဲ့ ဆရာမက ဒေါ်ခင်စိုးဝင်းပါ။ နောက်နှစ်တွေလည်း ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုလို လာပြိုင်ခွင့်ရတာကိုပဲ ဂုဏ်ယူလို့ မဆုံးပါဘူး''ဟု ပြောကြားသွားသည်။

တိုးတက်မြင့်မားလာ

စင်မြင့်ထက်၌ သီဆိုပြိုင်ပွဲဝင်နေသူများ၏ သီဆိုသံများကို နားထောင်ရာ အကြိမ်ကြိမ်လေ့ကျင့်ပြီးမှ ပြိုင်ပွဲဝင်သူများပီပီ အသံအလေးအဖော့၊ အဆွဲအငင်၊ အဖြတ်အတောက်၊ နရီစည်းဝါး အဝင်အထွက်မှန်မှန် သီဆိုနိုင်ကြသည်ကို တွေ့ရသည်။ အထူးသဖြင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ကလေးငယ်များ၏ အရည်အသွေးများ တိုးတက်မြင့်မားလာမှုကို သတိပြုမိသည်။

မင်းသမီးကြီးဖြစ်သွားပြီ

ထို့နောက် အကပြိုင်ပွဲ ကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိခဲ့သည်။ မီးမောင်းများထိုးထားသဖြင့် အလင်းရောင်ဖြာကျနေသော စင်မြင့်ထက်၌ မိန်းကလေးတစ်ဦး ပြိုင်ပွဲဝင်နေသည်ကို တွေ့ရသည်။ ကကြိုးကလက်စုံလင်စွာ၊ ဆိုင်းတီးလုံး အဝင်အထွက်မှန်မှန်ဖြင့် ကပြယှဉ်ပြိုင်သွားရာ ပရိသတ် အားပေးသံများ ဟိန်းထွက်လာသည်။ စင်မြင့်ပေါ်မှ ဆင်းလာသည်နှင့် တွေ့ဆုံမေးမြန်းရာ ``သမီးအမည်က ငြိမ်းငြိမ်းအိ ဖြစ်ပါတယ်၊ ကယားပြည်နယ် လွိုင်ကော်မြို့ကပါ။ သမီးအသက်က ငါးနှစ်ဖြစ်ပြီး အကသင်ပေးတာက ဆရာမ ဒေါ်စမ်းစမ်းဌေးဖြစ်ပါတယ်။ ပထမဆုံးပြိုင်ပွဲဖြစ်ပေမယ့် သမီး မကြောက်ပါဘူး။ မီးရောင်အောက်မှာ ဆိုင်းဝိုင်းကြီးနဲ့ ကရတာဆိုတော့ သမီးက ငါ မင်းသမီးကြီးဖြစ်သွားပြီလို့တောင် ထင်သွားတယ် ဟီဟိ''ဟု အသက်ငါးနှစ်သာရှိသေးသည့် မငြိမ်းငြိမ်းအိက အပြုံးဖြင့် ဖြေကြားသွားသည်။

ကြိုးစားသွားမှာ

တစ်ဖန်ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေး တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိခဲ့ပြန်သည်။ ဆိုင်းဝိုင်းကြီးကို ပိုင်နိုင်စွာတီးနိုင်သည့် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်ကလေးငယ်များ၏ လက်သံကား နိုင်ငံကျော် ဆိုင်းဆရာကြီးများ တီးနေသည့်အလား။ တီးလုံးတီးကွက်၊ အချီအချ၊ စည်းဝါးအဝင်အထွက် အမှားအယွင်းမရှိအောင် လက်စွမ်းပြနိုင်သည်။ ပြိုင်ပွဲဝင်ပြီး စင်မြင့်ပေါ်မှဆင်းလာသည့် မန္တလေးတိုင်းမှ ဆိုင်းဝိုင်း အဖွဲ့လိုက်ပြိုင်ပွဲဝင် မောင်အောင်ဗိုလ်ထက်အား မေးမြန်းကြည့်ရာ ``ဒါပထမဆုံးအကြိမ် ပြိုင်ပွဲဝင်တာပါ။ သားကို ဆရာ ဦးစိန်တစ်လုံးက သင်ပြပေးပါတယ်။ သား အသက်က ဆယ်နှစ်ဖြစ်ပြီး ငယ်ငယ်လေးတည်းက ဆိုင်းဝိုင်းကြီးကို တီးချင်နေခဲ့တာပါ။ သားအနေနဲ့ နောက်နှစ်တွေလည်း ဆက်လက်ပြိုင်သွားမှာဖြစ်သလို ကြီးလာရင် နိုင်ငံကျော် ဆိုင်းဆရာကြီး ဖြစ်အောင် ကြိုးစားသွားမှာ''ဟု ဖြေကြားသွားခဲ့သည်။

လက်ခုပ်တဖြောင်းဖြောင်း

ထို့နောက် တယောပြိုင်ပွဲကျင်းပရာ သစ်တောသုတေသန (စုဝေးခန်းမ)သို့ ဆက်လက်ထွက်ခွာခဲ့သည်။ အခြေခံ(၅-၁၀)နှစ်(မ) တယောပြိုင်ပွဲစတင်နေသဖြင့် ပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း လှမ်းဝင်လိုက်ရာ ညင်းသွဲ့ နှဲ့ပျောင်းသော တယောသံကား

``ရွှေတံဆိပ် မမှန်းရဲပေမယ့် လိုချင်တာပေါ့၊ ပြိုင်ပွဲမရှိလည်း အချိန်ရရင် ဆက်ပြီးလေ့ကျင့်နေမှာပါ''
မနော်စုသဲသဲအောင်
(ရန်ကုန်တိုင်း)

စိတ်အာရုံကို ဖမ်းစားလိုက်သည်။ တယောထိုးသံ အလူးအလိမ့်၊ အပင့်အချတို့က စိတ်နှလုံးကို သိမ်းကျုံးဆွဲငင်နိုင်စွမ်းရှိရာ ပရိသတ်ကား တယောသံနှင့်အတူ ခံစားမှု နစ်မျောနေလျက်....။

``ပထမဆုံးပြိုင်ပွဲဖြစ်ပေမယ့် သမီး မကြောက်ပါဘူး၊ မီးရောင်အောက်မှာ ဆိုင်းဝိုင်းကြီးနဲ့ ကရတာဆိုတော့ သမီးက မင်းသမီးကြီးဖြစ်သွားပြီလို့တောင် ထင်သွားတယ်''
မငြိမ်းငြိမ်းအိ
(ကယားပြည်နယ်)

တယောသံအရပ် ရုတ်တရက် မှင်တက်မိနေဆဲ၊ ခဏကြာမှ လက်ခုပ်တဖြောင်းဖြောင်းတီးကာ ဂုဏ်ပြုနိုင်တော့သည်။

ကိုယ်ရောစိတ်ပါ

စင်မြင့်ပေါ်မှဆင်းလာသူ တယောပြိုင်ပွဲဝင်အား မေးမြန်းရာ ``သမီးအမည်က မနော်စုသဲသဲအောင်ဖြစ်ပါတယ်၊ ရန်ကုန်တိုင်း

``သားကို ဆရာဦးစိန်တစ်လုံးက သင်ပြပေးပါတယ်။ နိုင်ငံကျော် ဆိုင်းဆရာကြီးဖြစ်အောင် ကြိုးစားသွားမှာပါ''
မောင်အောင်ဗိုလ်ထက်
(မန္တလေးတိုင်း)

ကိုယ်စားပြုပြိုင်ပွဲဝင်တစ်ဦးပါ၊ တယောကို အနီးကပ် ဆရာနဲ့ သုံးလလောက် လေ့ကျင့်ခဲ့ပြီး အချိန်ရတိုင်းလည်း တစ်နှစ်လုံး လေ့ကျင့်ခဲ့ပါတယ်၊ သမီး ရွှေတံဆိပ်မမှန်းရဲပေမယ့် လိုချင်တာပေါ့၊ ပြိုင်ပွဲမရှိလည်း အချိန်ရရင် ဆက်ပြီး လေ့ကျင့်နေမှာပါ၊ နောက်နှစ်ပြိုင်ပွဲအတွက်လည်း အသင့်ဖြစ်အောင်လို့ပေါ့''ဟု မနော်စုသဲသဲအောင်က ဖြေကြားသွားသည်။ ပြိုင်ပွဲဝင် မနော်စုသဲသဲအောင်၏ နဖူး၌ ချွေးများစို့နေသဖြင့် ကိုယ်ရောစိတ်ပါ ခံစားသက်ဝင် ယှဉ်ပြိုင်ခဲ့မှုကို ဖော်ပြနေသလိုပင်....။

ပတ္တလားအတီး

ထို့နောက် ပတ္တလားအတီးပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေး တက္ကသိုလ် (စာသင်ခန်းမ)သို့ ဆက်လက် သွားရောက်ခဲ့ပြန်

``ရှမ်းပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်ယူလို့မဆုံးပါဘူး၊ နှစ်တိုင်း အခုလိုယှဉ်ပြိုင်ခွင့်ရအောင် ကြိုးစားသွားမှာပါ''
မောင်ခန့်ဝင်း
(ရှမ်းပြည်နယ်)

သည်။ အခြေခံပညာ(၁၀-၁၅)နှစ်(ကျား) ပတ္တလားအတီးပြိုင်ပွဲ ကျင်းပနေသဖြင့် စင်မြင့်ပေါ်လှမ်းကြည့်လိုက်ရာ ရှမ်းပြည်နယ် ကိုယ်စားပြု ပြိုင်ပွဲဝင် မောင်ခန့်ဝင်း ယှဉ်ပြိုင်နေသည်ကို တွေ့ရသည်။

နားဝင်ပီယံ

နားဝင်ပီယံဖြစ်စေသည့် တီးလုံး၊ ညက်ညောသည့် တီးကွက် အကူးအပြောင်း၊ သံစဉ်အနိမ့်အမြင့် ငြိမ့်ညောင်းစွာ နားဆင်သူတို့ ဘဝင်နှလုံးကို ညင်သာစွာရိုက်ခတ်လျက်ရှိသည်။ တီးလုံးတီးကွက်မပြီးမီကပင် ပရိသတ်များက အားပေးချီးမြှောက်သည့် လက်ခုပ်သံများက ထွက်ပေါ်လာသည်။ သြော်-တော်လိုက်တဲ့ ကလေးငယ်။ ယှဉ်ပြိုင်မှုအပြီး စင်မြင့်ပေါ်မှ ဆင်းလာသူ မောင်ခန့်ဝင်းအား မေးမြန်းရာ ``သား တစ်နှစ်လုံး အချိန်ရသမျှ လေ့ကျင့်ခဲ့တာပါ။ ပတ္တလားတီးတာကို သား လေးနှစ်လောက်ကတည်းက တီးလာတာဖြစ်ပါတယ်။ သား အနေနဲ့ အခုလို ရှမ်းပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခွင့်ရတာ ဂုဏ်ယူလို့ မဆုံးပါဘူး။ နှစ်တိုင်း အခုလိုယှဉ်ပြိုင်ခွင့်ရအောင် ကြိုးစားသွားပါ့မယ်''ဟု ပီတိစကား ဖြေကြားသွားသည်။

ပြိုင်ပွဲဝင် ကလေးငယ်တို့၏ ပါဝင်ယှဉ်ပြိုင်မှုစွမ်းရည်များ မြင့်တက်လာသလို မျိုးဆက်သစ်အနုပညာရှင်အများအပြားလည်း ပေါ်ထွက်လာစေရန် ပံ့ပိုးပေးနိုင်သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအကြောင်းကို တစ်နေ့တာပြိုင်ပွဲများအပြီး အပြန်ခရီး၌ အတွေးထဲက မထွက်တော့ပါချေ။ ။

(မြန်မာ့အလင်း)

ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အောက်တိုဘာ ၂၂ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၇	၂၂-၁၀-၂၀၀၈ (ဗုဒ္ဓဟူးနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	အဆင့်မြင့်ပညာ(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ဇာတ်သဘင်	အဆင့်မြင့်ပညာ(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား) ဘုရိဒတ်ဇာတ်တော်ကြီး(မကွေးတိုင်း)	၀၉၀၀ ၁၃၀၀ ၁၉၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(မယ်ဒလင်) အတီး(မယ်ဒလင်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ဂီတာ) အတီး(ဂီတာ) အတီး(ဂီတာ)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(နှဲ) အတီး(နှဲ) အတီး(နှဲ)	အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်)	ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသား)	၀၉၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး(သီချင်းပြိုင်ပွဲ)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား/အမျိုးသမီး)	၀၉၀၀

❐ *ကျောဖုံးမှ*

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျေးရွာများရှိ တောင်သူဦးကြီးများနှင့် ရေလုပ်သားကြီးများက ၎င်းတို့၏လယ်ယာနှင့် ရေလုပ်ငန်းကဏ္ဍတို့တွင် အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေ၊ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ထောက်ပံ့လှူဒါန်းပေးမှုကြောင့် စားဝတ်နေရေး အဆင်ပြေနေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဤသို့ ဖွင့်ဟပြောကြားခဲ့ကြပါသည် -

လကုန်ရင် စပါးတွေ လှိုင်လှိုင်ပေါ်တော့မှာပါ

ဦးအောင်မြတ်(ကျောက်မှော်စံပြကျေးရွာ)

"လက်ရှိလယ် ၂၆ဧကရှိပါတယ်၊ ဆင်းသွယ်လတ်၊ မနောသုခ၊ ပေါ်ဆန်းရင်နဲ့ နံ့ကားစပါးတွေ စိုက်ထားပါတယ်၊ ဒီလို စိုက်နိုင်အောင်လည်း နိုင်ငံတော်က မျိုးစပါး ၂၅တင်း၊ ဓာတ်မြေဩဇာ ၁၂ အိတ်၊ လယ်ယာ(၂၂)လက်တွန်းထွန်စက်နှင့် ထွန်ယက်ဆီတွေ၊ ပိုးသတ်ဆေးတွေ ထောက်ပံ့ပေးပါတယ်၊ ကျွဲနွားမရှိတော့ပေမယ့် ထွန်စက်ရှိတာမို့ ထွန်ယက်ရတာ ပိုပြီးအဆင်ပြေသွားပါတယ်။ မျိုးစပါးကို ခါတိုင်းနှစ်ထက် ပိုစိုက်ရပါတယ်၊ အခု ၉၅ ရာခိုင်နှုန်းလောက် အောင်မြင်ပါတယ်၊ စားဝတ်နေရေး အခက်အခဲမတွေ့ရအောင် လက်ရှိထွန်တုံးပိတ်ကာလအထိ နိုင်ငံတော်နဲ့ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းတွေက ဆန်၊ ဆီ၊ ပဲ အပါအဝင် ထောက်ပံ့ရေးပစ္စည်းတွေ ထောက်ပံ့ပေးထားပါတယ်၊ အခုအထိ စားနေရတုန်းပါပဲ။ အခု ဒီလကုန်ဆိုရင် စပါးတွေ လှိုင်လှိုင်ပေါ်တော့မှာပါ၊ စိုက်ပျိုးမှုက အရင်နဲ့အခု ဘာမှသိပ်မထူးပါဘူး၊ ကျွန်တော်တို့ ကျောက်မှော်ကျေးရွာအုပ်စုမှာ လယ်ဧက လေးသောင်းကျော်ရှိပါတယ်၊ အကုန်လုံးလည်း အောင်မြင်ဖြစ်ထွန်းနေတာကို ဆရာတို့ လှည့်လည်သွားရင်း မျက်မြင်ကိုယ်တွေ့ မြင်ရမှာပါ"

ပဲတီစိမ်းနဲ့နေကြာ ဆက်စိုက်မယ်

ဦးကျော်စိုး (ကျောက်မှော်စံပြကျေးရွာ)

"လယ် ၁၂ဧကရှိပြီး မနောသုခ၊ ဆင်းသွယ်လတ်နဲ့ ရာသီစပါးဖြစ်တဲ့ နံ့ကားမျိုးတွေ စိုက်ပျိုးထားပါတယ်။ နိုင်ငံတော်က ထောက်ပံ့တဲ့ ကျွဲတစ်ကောင်၊ မျိုးစပါး ၁၀ တင်းနဲ့ ဓာတ်မြေဩဇာတွေ ရရှိခဲ့လို့ အခုလိုစိုက်ပျိုးနိုင်တာပါ။ မုန်တိုင်းကြောင့် မြေဆီလွှာအနည်းငယ် ချို့ယွင်းမှုရှိပေမယ့် နိုင်ငံတော်က စိုက်ပျိုးရေး ဝန်ထမ်းတွေလွှတ်ပြီး သင်တန်းပို့ချပေးတဲ့အတွက် ခေတ်မီနည်းစနစ်တွေကို အသုံးပြုပြီးစိုက်ပျိုးနိုင်လို့ အဆင်ပြေသွားပါတယ်၊ အခု မနောသုခနဲ့ ဆင်းသွယ်လတ်ဆို တစ်ဧကကို တင်း ၈၀နီးပါး ထွက်မှာ သေချာပါတယ်၊ စပါးစိုက်စဉ်ကာလ အတွင်းမှာလည်း ဆန်၊ ဆီ၊ ပဲ အပါအဝင် ထောက်ပံ့ရေးပစ္စည်းတွေ ထောက်ပံ့ပေးထားတဲ့အတွက် အခက်အခဲမရှိပါဘူး။ အခု လကုန်တာနဲ့ ကျွန်တော် လယ်ငါးဧက စတင်ရိတ်ပါတော့မယ်၊ အခု စပါးပြီးရင် ပဲတီစိမ်းနဲ့ နေကြာဆက်စိုက်ပါမယ်"

ပေါက်တူး ပေါက်ပြားမကျန် ဖြန့်ဖြူးပေးပါတယ်

ဦးနေလင်း (ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ)

"ကျွန်တော်တို့ ကျောက်မှော်ရွာမှာ အိမ်ခြေ ၂၂၀ ရှိပြီး လူဦးရေ ၁၁၁၇ ဦး ရှိပါတယ်၊ တောင်သူကတော့ ၃၂၀ နဲ့ လယ်ဧက ၅၀၀၆ ဧကရှိပါတယ်၊ တောင်သူတွေကို နိုင်ငံတော်နဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေက ကျွဲနွား၊ လက်တွန်း ထွန်စက်၊ မျိုးစပါး၊ ဓာတ်မြေဩဇာ၊ စိုက်ပျိုးစရိတ်ချေးငွေနဲ့ ပေါက်တူး ပေါက်ပြားပါမကျန် ဖြန့်ဖြူးပေးထားပါတယ်။

စပါးစိုက်ပျိုးစဉ်ကာလမှာ စားဝတ်နေရေးအတွက် အခက်အခဲ မရှိစေဖို့ ဆန်၊ ဆီ၊ ပဲ၊ အဝတ်အစားနဲ့ ဖိနပ်ကအစ ပံ့ပိုးပေးပါတယ်"

စပါးပြီးရင် ပဲတီစိမ်း၊ ဗိုလ်ကိတ်နဲ့ နေကြာဆက်စိုက်သွားမယ်

ဦးအုန်း (ရှမ်းစုကျေးရွာ)

"လက်ရှိ လယ်၁၀ဧကမှာ ပေါ်ဆန်း၊ မနောသုခမျိုးတွေစိုက်ပါတယ်၊ ဘဏ်ချေးငွေ ရရှိပါတယ်။ ဓာတ်မြေဩဇာနှစ်အိတ်၊ ပိုးသတ်ဆေး၊ မျိုးစပါးခြောက်တင်း၊ လယ်ယာ(၁၆)လက်တွန်းထွန်စက်တစ်စီးနဲ့ ထွန်ယက်ဆီအဖြစ် လယ်တစ်ဧကကို ခြောက်ဂါလန်နှုန်း ရရှိပါတယ်။

ကျွန်တော်တို့ ဆန်တစ်အိတ်၊ ဆီငါးပိဿာအပါအဝင် ထောက်ပံ့ရေး ပစ္စည်းတွေ သုံးကြိမ်လောက် ဆက်တိုက်ရပါတယ်။ အခု စပါးပြီးရင် ပဲကြဲမယ်၊ ပဲတီစိမ်း၊ ဗိုလ်ကိတ်နဲ့ နေကြာစိုက်မယ်။ မွေးမြူရေးအနေနဲ့ ဝက်သုံးကောင်နဲ့ ကြက်မွေးထားတယ်၊ အေးအေး ချမ်းချမ်း၊ ပြည့်ပြည့်စုံစုံနဲ့ နေထိုင်ကြရပါတယ်"

ပုစွန်ဖော့ချိတ်တွေ အမိများပါတယ်

ကိုကျော်ဝင်းတင် (မြခိုင်ကျေးရွာ)

"ကျွန်တော်တို့ကို နိုင်ငံတော်က ရေလုပ်ငန်းတွေ ပြန်လုပ်ကိုင်နိုင်အောင် လှေနဲ့ စက်တွေ ထောက်ပံ့ပေးပါတယ်၊ ကျွန်တော်တို့မိသားစုကိုးဦးရှိပါတယ်၊ လက်ရှိအချိန်အထိ ဆန်၊ ဆီ၊ ပဲတွေ ထောက်ပံ့ပေးထားပါတယ်၊ ဒါကြောင့် ရေလုပ်ငန်းကို အဆင်ပြေပြေ လုပ်ကိုင်နိုင်နေပါတယ်၊ လက်ရှိ ပုစွန်ဖော့ချိတ်တွေ အမိများပါတယ်၊ လပွတ္တာမြို့က ဒိုင်မှာသွားသွင်းပါတယ်၊ တစ်ခါတစ်ခါသွားသွင်းရင်ငွေကျပ်၇၀၀၀၊ ၈၀၀၀ လောက်ရပါတယ်"

ကျရေမှာ နေ့စဉ် ငါး၊ပုစွန်တွေ ဖမ်းနိုင်လို့ ပုံမှန်ဝင်ငွေရရှိပါတယ်

ဦးမြင့်ဦး (သနပ်ဖက်ကျေးရွာအုပ်စု)

"ကျွန်တော့်မှာ မိသားစုလေးယောက်ရှိပါတယ်၊ ရေလုပ်ငန်းမစတင်မီမှာ နိုင်ငံတော်က ထောက်ပံ့ပေးခဲ့တဲ့အတွက် အဆင်ပြေပါတယ်၊ ပြီးခဲ့တဲ့အပတ်က ဆန်တစ်အိတ်နဲ့ ဆီ၊ ပဲတွေ ထပ်ရပါတယ်၊ ရေလုပ်ငန်းအတွက် လှေနဲ့စက်တွေပေးလို့ အဆင်ပြေပါတယ်၊ ရတဲ့ပုစွန်တွေကို ဒီမှာ ကုန်သည်အချို့ လာကောက်ကြပါတယ်၊ နေ့တိုင်းကျရေမှာ ဖမ်းတဲ့အတွက် ပုံမှန်ဝင်ငွေရရှိပြီး အဆင်ပြေပါတယ်။ အရင်ကဆို လပွတ္တာကို မိသားစုတွေနဲ့သွားရင် လက်နဲ့ပဲခတ်ရလို့ လက်ပန်းကျပြီး မြို့ပေါ်တောင် သိပ်မသွားနိုင်ပါဘူး။ အခုဆို စက်အထိုင်နဲ့ လှေဖြစ်လို့ ရောက်လို့ရောက်သွားမှန်းတောင် မသိတော့ပါဘူး"

ခါတိုင်းလို ရပ်တည်နိုင်ပါပြီ

ဦးခွေးလေး (မြခိုင်ကျေးရွာ)

"မုန်တိုင်းတိုက်ပြီးစ ရက်ပိုင်းအတွင်းက အခက်အခဲတွေရှိခဲ့ပေမယ့် နိုင်ငံတော်က စားနပ်ရိက္ခာ၊ဆေးဝါး၊ အဝတ်အစားပါမကျန် ထောက်ပံ့ပေးခဲ့ပါတယ်။ ရေလုပ်သားတွေကို လှေတို့၊ စက်တို့၊ ပိုက်တို့ ထောက်ပံ့ပေးပြီး လယ်သမားဆိုရင်လည်း မျိုးစပါးကအစ၊ ထွန်စက်အဆုံး ထောက်ပံ့ပေးထားတဲ့အတွက် အခုဆို ခါတိုင်းလို ရပ်တည်နိုင်ပါပြီ။ လုပ်ငန်းတွေက ပုံမှန်ပြန်ဖြစ်နေပါပြီ"

ဤသည်မှာ နိုင်ငံတော်နှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၏ မှန်ကန်သော စေတနာလုပ်ရပ်မှတစ်ဆင့် ရောင်ပြန်ဟပ်ကာ ထွက်ပေါ်လာခဲ့သော ပြည်သူတို့၏ ပကတိအခြေအနေမှန်၊ ပကတိအသံတို့သာဖြစ်ပေသည်။ အခြေအနေအရပ်ရပ်ကြောင့် လူအများတွင် တစ်ဦးတစ်ယောက် အဆင်မပြေမှုကို ပုံကြီးချဲ့၍ လူအားလုံး အဆင်မပြေသယောင် ပြောဆိုတတ်ကြသည့် အဆိုးမြင်ဝါဒီတို့၏ အဆိုးမြင်လေသံများသည် ဆပ်ပြာပူဖောင်းပမာ နေလာလျှင် နှင်းပျောက်ရသကဲ့သို့ တဖြည်းဖြည်း ကွယ်ပျောက်သွားမည်မှာ ဧကန်ပင်ဖြစ်ပါတော့သည်။ ။

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်းရှိ ဆန်စက်များ ဤသို့ လည်ပတ်နေကြပြီ။

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ကျောက်မှော်ကျေးရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော စပါးခင်းများ၌ ဆေးဖျန်းနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။

22-10 (12).pmd 1 10/22/2008, 2:38 AM

အိန္ဒိယနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု တရုတ်နိုင်ငံထောက်ခံကြိုဆို

နယူးဒေလီ အောက်တိုဘာ ၂၀

တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ခံကြိုဆိုပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းမှုများလည်း တိုးပွားလာမည်ဟု ယုံကြည်ကြောင်း၊ ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း လာရောက်လည်ပတ်ခြင်းမပြုမီ တရုတ်ထိပ်တန်းခေါင်းဆောင်တစ်ဦးက အောက်တိုဘာ၂၀ရက်တွင် ပြောကြားလိုက်သည်။

ပြောကြား

မိမိတို့အနေဖြင့် အိန္ဒိယနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုမြင်တွေ့လိုပါကြောင်း၊ အိန္ဒိယနိုင်ငံတိုးတက်လာသည်နှင့်အမျှ တရုတ်နိုင်ငံလည်း အခွင့်အလမ်းများ ရရှိလိမ့်မည်ဟု ယုံကြည်မိပါကြောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် မိမိတို့တရုတ်နိုင်ငံကဲ့သို့ ဆန္ဒသဘောထား ရှိလိမ့်မည်ဟု ယုံကြည်ကြောင်း၊ တရုတ်အာဏာရ ကွန်မြူနစ်ပါတီ(စီပီစီ)ဗဟိုကော်မတီအဖွဲ့ဝင် ယုကျန်ရှန်းက ပြောကြားလိုက်သည်။

လျင်မြန်စွာတိုးတက်

မကြာသေးသည့်နှစ်များက နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် နိုင်ငံအချင်းချင်း အရသော်လည်းကောင်း၊ အစိုးရအချင်းချင်းအရသော်လည်းကောင်း၊ ပြည်သူအချင်းချင်း အရသော်လည်းကောင်း လျင်မြန်စွာတိုးတက်ခဲ့ပါကြောင်း၊ ဤသည်မှာ နှစ်နိုင်ငံဆက်ဆံရေးသည် ကောင်းမွန်တိုးတက်မှုကို ပြသနေခြင်းဖြစ်ကြောင်း ယုက ရှန်ဟိုင်းမြို့ စီပီစီ အစည်းအဝေး၌ ပြောကြားသည်။

စီစဉ်ထား

အိန္ဒိယဝန်ကြီးချုပ် ဆင်းသည် အောက်တိုဘာ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပမည့် သတ္တမအကြိမ်မြောက် အာရှ-ဥရောပထိပ်သီး အစည်းအဝေးသို့ တက်ရောက်ရန် ပေကျင်းသို့လာရောက်ရန် စီစဉ်ထားသည်။

မစ္စတာဆင်းသည် တရုတ်နိုင်ငံသို့ လာရောက်စဉ်အတွင်း တရုတ်ထိပ်တန်းခေါင်းဆောင်များနှင့် တွေ့ဆုံဖွယ်ရှိသည်။

အမ်အင်န်အေ၊ပီတီအိုင်

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကြိုးတန်းပေါ်တွင် အမြင့်ဆုံးနှင့်အရှည်ဆုံး စက်ဘီးစီးနင်းပြသခဲ့သူ

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ် နီဝါ့ခ်မြို့တွင် နစ်ခ်ဝယ်လင်ဒါအမည်ရှိ အမျိုးသားတစ်ဦးသည် ကရိန်းနှစ်ခုအကြား သွယ်တန်းထားသော အရှည် ၂၃၅ပေ၊ အမြင့် ၁၂၈ပေရှိ ဝိုင်ယာကြိုးတန်းပေါ်တွင် စက်ဘီးစီးနင်းပြသခဲ့ရာ ကြိုးတန်းပေါ်၌ အမြင့်ဆုံးနှင့် အရှည်ဆုံး စက်ဘီးစီးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ (ဝဲပုံ)

အသက် ၂၉ နှစ်အရွယ်ရှိ ဝယ်လင်ဒါသည် ဆပ်ကပ်အဖွဲ့ မိသားစုတွင် မွေးဖွားကြီးပြင်းခဲ့သူတစ်ဦးဖြစ်ပြီး ယခုကဲ့သို့ စတန့်ထွင် စက်ဘီးစီးနင်းခြင်းကို ၎င်း၏ မိသားစုဝင်များ ရှေ့မှောက်တွင် အောင်မြင်စွာ စီးနင်းပြသနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး အရုပ်ဆက် ကစားပွဲကြီး



ဂျာမနီနိုင်ငံ ရာဗင်စဘတ်မြို့တွင် ဧရိယာစတုရန်းပေ၆၅၀၀ရှိ ကွက်လပ်အတွင်း လူပေါင်း ၁၅၀၀၀က အရုပ်အပိုင်း အစပေါင်း ၁၁၄၁၈၀၀ဖြင့် အချိန်ငါးနာရီအတွင်း အရုပ်ဆက်ကစားခဲ့ကြရာ ကမ္ဘာ့အကြီးဆုံး အရုပ်ဆက်ကစားပွဲကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။

ယင်းသို့ အရုပ်ဆက်ကစားရာ၌ အစိတ်အပိုင်း ၄၀၀၀အောက် ချိတ်ဆက်ကစားရသော အရုပ်များတွင် တစ်ခုစီလျှင် အပြောက်အမွမ်း အစိတ်အပိုင်းပေါင်း ၂၅၂ ခု ပါဝင်ရပြီး ယင်းအရုပ်များ၌ တိရစ္ဆာန်များ၊ မြေပုံများနှင့် ရှုခင်းပုံများ ပါဝင်သည်ဟုဆိုသည်။ **(ယာပုံ)**

(အင်တာနက်ဓာတ်ပုံ)

အီတလီသမ္မတနိုင်ငံဆိုသည်မှာ....

အီတလီသမ္မတနိုင်ငံသည် ဥရောပတောင်ပိုင်းတွင် တည်ရှိသည်။ ဤနိုင်ငံမှ ပန်းချီဆရာဘော့တီစဲလီ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာပညာရှင်၊ အင်ဂျင်နီယာနှင့် သိပ္ပံ ပညာရှင် လီယိုနာဒိုဒါဗင်ချီ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ဗိသုကာပညာရှင်နှင့်ကဗျာဆရာ မိုက်ကယ်အိန်ဂျလို၊ ပန်းချီဆရာ တင်တိုရက်တို၊ ပန်းချီဆရာ ကာရာဗက်ဂလို၊ အော်ပရာဇာတ်တေးရေးစာဆိုများဖြစ်ကြသည့် ဗာဒီနှင့်ပတ်စီနီတို့၏ အနုပညာလက်ရာများကို ဗင်းနစ်၊ ဖလော်ရင့်နှင့် ရောမမြို့ကြီးများ၏ ရှေးဟောင်းဗိသုကာလက်ရာများနှင့် ပေါင်းစပ်လိုက်သည်ရှိသော် အီတလီနိုင်ငံသားတို့၏ အံ့မခန်းဖွယ် စံတင်လောက်သည့် အနုပညာမြောက်လက်ရာတစ်ပုံတစ်ပင်ကို တွေ့ရှိအကဲခတ်နိုင်ပေသည်။ သို့သော် ဤပမာဏသည် ရာစုနှစ်ပေါင်းများစွာ ဖန်တီးဖြစ်ထွန်းခဲ့သည့် ဤနိုင်ငံမှ အနုပညာမြောက် ရတနာများနှင့် နှိုင်းစာသော် မြင့်မိုရ်တောင်နှင့် ဆီးစေ့ပမာ သေးငယ်နည်းပါးလှသည်။

အဂတိလိုက်စား

ဤမည်သော အနုပညာရတနာများနှင့်တကွ ဤနိုင်ငံ၏ အခြားသော သာယာကြည်နူးဖွယ်များကြောင့် အီတလီနိုင်ငံမှာ ထင်ပေါ်ကျော်ကြား လှသိများရသည့် နည်းတူ ဖက်ဆစ်ခေါင်းဆောင်တစ်ဦး ပေါ်ပေါက်ခဲ့ရမှုနှင့်တကွ ဒုတိယကမ္ဘာစစ်ကြီးအပြီး ထိုသို့သော နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အဂတိလိုက်စားမှုများကြောင့် နိုင်ငံအသရေညှိုးကာ နာမည်ဆိုးဖြင့် ကျော်စောလာရခြင်းလည်း ကြုံရပြန်သည်။

အီတလီသည် ပထမကမ္ဘာစစ်ကြီးတွင် မဟာမိတ်တို့ဘက်မှ ပါဝင်ခဲ့သည်။ ၁၉၂၂ခုတွင် သုံးနှစ်ကြာ နိုင်ငံရေးနှင့်စီးပွားရေး မတည်မငြိမ်ဖြစ်ခဲ့ပြီးနောက် ဖက်ဆစ်ခေါင်းဆောင် မူဆိုလီနီက အစိုးရဖွဲ့စည်းသည်။ ၁၉၂၆ခုတွင် အတိုက်အခံပါတီများကို နှိမ်နင်းသည်။ ၁၉၂၉ခုတွင် လက်တာရန်စာချုပ်ဖြင့် ဗာတီကင်စီးတီးကို ဖန်တီးသည်။ ၁၉၃၅ခုတွင် အီသီယိုပီးယားနိုင်ငံကို ဤနိုင်ငံက ကျူးကျော်သည်။ ၁၉၃၆ခုတွင် မူဆိုလီနီက နာဇီဂျာမနီနှင့် မဟာမိတ်ဖွဲ့သည်။

စစ်ကြေညာ

၁၉၄၀ပြည့်နှစ် ဒုတိယကမ္ဘာစစ်ကြီးတွင် ဤနိုင်ငံက ဂျာမနီနိုင်ငံဘက်မှ ဝင်တိုက်သည်။ အီတလီတပ်များက အရှေ့အာဖရိကမှ ဗြိတိသျှ ဆိုမာလီလန်ကိုသိမ်းသည်။ ၁၉၄၁ခုတွင် ဆိုဗီယက်ပြည်ထောင်စုကို စစ်ကြေညာသည်။

၁၉၄၃ခုတွင် မဟာမိတ်တပ်များ စစ္စလီကို တက်ရောက်သိမ်းယူသည်။ ဘုရင်ဗစ်တာအင်မဲညူယယ်က မူဆိုလီနီကို အကျဉ်းချလိုက်သည်။ မဟာမိတ်များနှင့် စစ်ဆိုင်းရန် နှစ်ဖက်သဘောတူညီမှု လက်မှတ်ရေးထိုးသည်။ အီတလီက ဂျာမနီကို စစ်ကြေညာသည်။ ၁၉၄၄ခုတွင် ရောမမြို့လွတ်မြောက်ရေး မဟာမိတ်တပ်များ အောင်နိုင်သည်။ ၁၉၄၅ခုတွင် ဂျာမန်တို့က ထောင်ထဲမှ ကယ်ထုတ်ခဲ့သော မူဆိုလီနီကို အီတလီတော်လှန်ရေး ပြောက်ကျားများက ဖမ်းမိပြီး ကွပ်မျက်ပစ်သည်။

အောင်ပွဲခံ

၁၉၄၆ခုတွင် ဘုရင်အုပ်ချုပ်သည့်နိုင်ငံအဖြစ်မှ သမ္မတနိုင်ငံအဖြစ် ကူးပြောင်းအစားထိုးရေး ပြည်သူ့ဆန္ဒခံယူပွဲက အတည်ပြုသည်။ ၁၉၄၈ခုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲသည်။ ရွေးကောက်ပွဲတွင် ခရစ်ယာန်ဒီမိုကရက်များ အောင်ပွဲခံသည်။ ၁၉၅၅ခုတွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံဖြစ်လာသည်။ ၁၉၅၇ခုတွင် အီးအီးစီ၏ မူလဖွဲ့စည်းသူ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

၁၉၇၂ခုတွင် အင်ဒရေအော့တီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုရာထူးတွင် နှစ်ပေါင်း ၂၀အတွင်း ခုနစ်ကြိမ် ဆက်လက်တာဝန်ထမ်းဆောင်သည်။

ရာထူးမှနုတ်ထွက်

၁၉၈၃ခုတွင် ဘက်တီနိုခရပ်ဇီက စစ်ပြီးခေတ် အီတလီနိုင်ငံ၏ ပထမဆုံး ဆိုရှယ်လစ် ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသည်။ ၁၉၉၂ခုတွင် အဆင့်မြင့်တာဝန်ရှိသူများ အဂတိလိုက်စားမှု အတွင်းရေးဖွင့်ဟချက်ကြောင့် သုံးလေးနှစ်ကြာ ဖမ်းဆီးအရေးယူမှုများ ပေါ်ပေါက်လာသည်။ ထိုနှစ်တွင် ထိပ်တန်းမာဖီးယားတိုက်ဖျက်ရေး အစိုးရရှေ့နေ ဂီယိုဗန်နီဖာလ်ကုန်း၊ ဇနီးနှင့် သက်တော်စောင့်သုံးဦး ကားဗုံးခွဲတိုက်ခိုက်သတ်ဖြတ်ခံရသည်။ ၁၉၉၃ခုတွင် ဝန်ကြီးချုပ် ခရပ်ဇီရာထူးမှ နုတ်ထွက်ခဲ့ပြီး ၂၀၀၀ပြည့်နှစ်တွင် တူနီးရှား၌ ကွယ်လွန်ခဲ့သည်။

၁၉၉၄ခု မတ်လရွေးကောက်ပွဲ၌ မဟာမိတ်အဖွဲ့ အနိုင်ရသည်။ သို့သော် ဆီလ်ဗီယိုဘာလုစကိုနီ၏ ဖော်ဇာအီတာလီယာအပါအဝင် ညွန့်ပေါင်းအစိုးရသည် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး တရားသူကြီးများနှင့် ပဋိပက္ခဖြစ်ပြီးနောက် နှစ်ကုန်တွင် ပြိုကွဲသွားခဲ့သည်။

ရှုံးနိမ့်

၁၉၉၅-၉၆ခုတွင် လမ်ဘတ်တိုဒီနီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၆ခု ရွေးကောက်ပွဲတွင် ဗဟိုလက်ဝဲသံလွင်ပင် မဟာမိတ်အဖွဲ့အနိုင်ရပြီး ရိုမာနိုပရော့ဒီ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၉၇ခုတွင် အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်ပြီးနောက် မက်ဆီမိုဒီအလီမာ ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၉၉ခုတွင် ကာလိုစီအမ်ပီ သမ္မတဖြစ်လာသည်။

၂၀၀၀ပြည့်နှစ် ဧပြီလတွင် ဝန်ကြီးချုပ်ဒီအလီမာနုတ်ထွက်သောအခါ ဂူလီယာနိုအမာတို ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၁ခု မေလနှင့်ဇွန်လရွေးကောက်ပွဲတွင် ဆီလ်ဗီယိုဘာလုစကိုနီ၏ ဖော်ဇာအီတာလီယာပါတီ အနိုင်ရသည်။ ညွန့်ပေါင်းအစိုးရသစ်၏ ဝန်ကြီးချုပ်တာဝန်ကို ဘာလုစကိုနီ ရယူသည်။

၂၀၀၃ခု မေလနှင့်ဇွန်လတွင် ဝန်ကြီးချုပ်ဘာလုစကိုနီမှာ ၁၉၈၀ပြည့်လွန်နှစ်များက စီးပွားရေးကိစ္စတို့နှင့်စပ်လျဉ်း၍ မီလန်တရားရုံး၌ ရင်ဆိုင်ရသည်။ အဂတိလိုက်စားမှု စွဲချက်များမှာ ၎င်းအား နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ထိုးနှက်ခြင်းဖြစ်သည်ဟု ဘာလုစကိုနီက တုံ့ပြန်သည်။ ဝန်ကြီးချုပ်အပါအဝင် ထိပ်တန်းရာထူးငါးနေရာကို တာဝန်ယူသည့် ပုဂ္ဂိုလ်များ လွတ်ငြိမ်းရေးဥပဒေကို ပါလီမန်ကပြဋ္ဌာန်းပြီးနောက် တရားစီရင်မှု ရပ်ဆိုင်းသွားသည်။

လေးနှစ်ကြာစစ်ဆေး

၂၀၀၄ခု ဇန်နဝါရီတွင် ထိုဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက ပယ်ချသဖြင့် ဝန်ကြီးချုပ်ဘာလုစကိုနီ၏အမှုကို ဧပြီလတွင် ပြန်လည်စစ်ဆေးသည်။ ဒီဇင်ဘာလတွင် လေးနှစ်ကြာစစ်ဆေးကြားနာပြီးနောက် ဝန်ကြီးချုပ်ဘာလုစကိုနီမှာ အဂတိလိုက်စားမှုမှ ကွင်းလုံးကျွတ်လွတ်သွားခဲ့သည်။ ၂၀၀၅ခု ဧပြီတွင် ဝန်ကြီးချုပ် ဘာလုစကိုနီ ရာထူးမှနုတ်ထွက်သည်။

၂၀၀၆ခု ဧပြီလရွေးကောက်ပွဲတွင် ရိုမာနိုပရော့ဒီအနိုင်ရပြီး ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၆ခု မေလတွင် ကွန်မြူနစ်ဟောင်း နပိုလီတာနို သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၈ခု ဇန်နဝါရီတွင် အယုံအကြည်မရှိအဆို ရှုံးနိမ့်ပြီး ဝန်ကြီးချုပ်ရာထူးမှ ပရော့ဒီ နုတ်ထွက်သည်။ ထိုနှစ်ဧပြီတွင် ဘာလုစကိုနီ ရွေးကောက်ပွဲအနိုင်ရပြီး ဝန်ကြီးချုပ် ဖြစ်လာပြန်သည်။ ဤနိုင်ငံသည် စတုတ္ထမြောက် ဥရောပစီးပွားရေး အင်အားအကြီးဆုံး နိုင်ငံဖြစ်သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

အီတလီသည် ပထမကမ္ဘာစစ်ကြီးတွင် မဟာမိတ်တို့ဘက်မှ ပါဝင်ခဲ့၊ ၁၉၂၂ခုတွင် သုံးနှစ်ကြာ နိုင်ငံရေးနှင့်စီးပွားရေး မတည်မငြိမ်ဖြစ်ခဲ့ပြီးနောက် ဖက်ဆစ်ခေါင်းဆောင် မူဆိုလီနီက အစိုးရဖွဲ့စည်း၊ ၁၉၂၆ခုတွင် အတိုက်အခံပါတီများကို နှိမ်နင်း၊ ၁၉၂၉ခုတွင် လက်တာရန်စာချုပ်ဖြင့် ဗာတီကင်စီးတီးကို ဖန်တီး၊ ၁၉၃၅ခုတွင် အီသီယိုပီးယားနိုင်ငံကို ဤနိုင်ငံက ကျူးကျော်၊ ၁၉၃၆ခုတွင် မူဆိုလီနီက နာဇီဂျာမနီနှင့် မဟာမိတ်ဖွဲ့။

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ စက်တင်ဘာ၁၉ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒီဂရီကောလိပ်လမ်း မြေယာရှင်း အလှဆင်ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးစဉ်။(မြို့နယ်စည်ပင်)

မိတ္ထီလာ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်

မိတ္ထီလာ အောက်တိုဘာ ၁၀

မိတ္ထီလာမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဈေးအတွင်း စည်းကမ်းမဲ့မီးသုံးစွဲသူများအား စစ်ဆေးကြပ်မတ်ခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခြင်း၊ ဈေးဝန်ထမ်းများမှ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အလေ့အကျင့်ဖြစ်စေရန် မြို့မဈေးအတွင်း အမြဲတမ်းထားရှိသည့် ရေစုပ်စက်များ အသုံးပြုကာ သားငါးတန်းများနှင့် ရေမြောင်းများ ဆေးကြောခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၈ရက်က မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးနှင့် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမျိုးထက်ဇော်တို့ ဦးဆောင်ကာ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ **(ယာပုံ) (မြို့နယ်စည်ပင်)**

ချောင်းဦးမြို့နယ် ခင်မွန်ကျေးရွာ အထက(ခွဲ)၌ စာပေဟောပြော

ချောင်းဦး အောက်တိုဘာ ၂၀

မုံရွာခရိုင် ချောင်းဦးမြို့နယ် ခင်မွန် ကျေးရွာအုပ်စု ခင်မွန်ကျေးရွာ အထက(ခွဲ) ကျောင်း၌ စာပေဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၈ရက် နံနက် ၁၁နာရီက ကျင်းပသည်။

ဟောပြော

ရှေးဦးစွာ ကျောင်းအုပ်ကြီး ကိုယ်စား အထက(ခွဲ)ကျောင်း အထက်တန်းပြဆရာ ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက ရည်မှန်းချက်ရှိရမည်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

စာအုပ်များပေးအပ်လှူဒါန်း

အခမ်းအနားတွင် ကျောင်းစာကြည့်တိုက်အတွက် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းနှင့် ချောင်းဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဖိုးချိုတို့က သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းကြပြီး ဆရာဦးခင်မောင်ဝင်းက စာအုပ်များကို လက်ခံယူကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

ဇေယျာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေပြည်သာဈေးရှိ သားငါးရောင်းချသော ဈေးတန်းများတွင် သားငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချမှု အခြေအနေကို စက်တင်ဘာ ၂၃ ရက်က ကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတွက်ချက်ပြုစုခြင်း

နည်းလမ်းအဆင့်ဆင့် ရှင်းလင်းဆွေးနွေး

ဖလမ်း အောက်တိုဘာ ၁၁

ဖလမ်းခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းလှအောင်သည် စက်တင်ဘာ ၂၅ရက် မွန်းလွဲ ၂နာရီခွဲက တွန်းဇံမြို့ ရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြားဆောင်ရွက်

ဆက်လက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသည့် စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ၏ အထွက်နှုန်းတွက်ချက်ပြုစုခြင်း နည်းလမ်းအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များ မှာကြားဆောင်ရွက်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီပဲယင်းမြို့၌ သံဓာတ်ဆေးပြားနှင့် အိုင်အိုဒင်းဆားဝေ

ဒီပဲယင်း အောက်တိုဘာ ၁၀

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်း ဦးဆောင်၍ အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် စက်တင်ဘာ ၂၃ရက် နံနက်ပိုင်းက အသင်းရုံး၌ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေး တိုက်ကျွေးခြင်း၊ မိခင်လောင်းများအား သံဓာတ်ဆေးပြားဝေငှခြင်းကိုလည်းကောင်း၊ စက်တင်ဘာ ၂၄ရက်တွင် အာဟာရပြည့်ဝစွာ ချက်ပြုတ်နည်း လက်တွေ့သရုပ်ပြခြင်း၊ ဘိုးဘွား ၅၀နှင့် မိခင်ကလေး ၄၀တို့အား အာဟာရ နို့ဆန်ပြုတ်များ တိုက်ကျွေးပြီး အိုင်အိုဒင်းဆားထုပ်များ ဝေငှပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လောင်းမြို့နယ် ပညာတန်ဆောင် စာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ပင်လောင်း အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာ ပညာတန်ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ပွဲနှင့် စာအုပ်စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို အောက်တိုဘာ ၂ရက် နံနက် ၈နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ စာပေဖတ်ရှုမှု အလေ့အကျင့်ကောင်းများရရှိရေးနှင့် ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရေရှည်ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေက စာအုပ်မျိုးစုံအုပ် ၅၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ စာအုပ်စာစောင် ၅၀ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က သုတ၊ ရသစာအုပ် ၇၀၊ ဂျာနယ်စာစောင် ၆၀တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံယူသည်။ ဆက်လက်၍ စင်းတောင်းကျေးရွာ ပညာတန်ဆောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး အုန်းရွှေ၊ ကျေးရွာဥက္ကဋ္ဌ ဦးခွန်ချစ်သာနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လှိုင်မြို့နယ် (၅)ရပ်ကွက် ယုဇနလမ်း အမှတ်-SH,4-B နေ ဒေါ်လေမိ၊ သားသမီးများနှင့်မြေးများက ဖခင်ကြီးဦးစိုးဝင်း(ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း) အားရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ရှမ်းပြည်နယ်မှ ထူးချွန်သော ဘောလုံးအားကစားသမားများ ပေါ်ထွက်လာရေးဦးတည်လျက် မြို့နယ်ဥက္ကဋ္ဌ ရပ်ကွက်၊ကျေးရွာအုပ်စု ဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ကျောက်မဲမြို့နယ် အားကစားကွင်း၌ အောက်တိုဘာ ၉ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင် အမှာစကား ပြောကြားစဉ်။ (မြို့နယ် အား/က)

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသော ကမ္ဘာ့ဆရာများနေ့ အခမ်းအနားနှင့် စတုတ္ထအကြိမ်မြောက် အသက်(၇၀)ပြည့်နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ပူဇော်ပွဲကို အောက်တိုဘာ ၅ ရက်က တိုက်ကြီးအထက အနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝစကားပြောကြားစဉ်။ (ပညာရေး)

မြိုင်မြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ပခုက္ကူ အောက်တိုဘာ ၁၃

ပခုက္ကူခရိုင် မြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို အောက်တိုဘာ ၉ ရက် နံနက်၁၀နာရီက အဆိုပါရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးခင်ဝင်းက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်(ရုပ်သံ-၃)ဒေါ်ဖြိုးမွန်မွန်ထွန်းကလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ်အတွဲ(၅) အမှတ်(၁၉)မှ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)ရေးသည့် ပြိုးနိုင်ကြတုန်းမှာ ပြိုးထားလိုက်ပါ ဆောင်းပါးကို ဓာတ်ပုံကျွမ်းကျင်(၂) ဦးအောင်ကျော်မြင့်က လည်းကောင်း၊ အောက်တိုဘာ ၃ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ ဦးကျော်ညွန့်(ပညာရေးသုတေသန)ရေးသည့် ထူး၍တင့်သူ မြင့်၍မြတ်သူ ဆောင်းပါးကို (ရုပ်သံ-၃)ဦးလှအောင်ကလည်းကောင်း ဖတ်ကြားကြရာ ဦးစီးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးကြောင်း သိရသည်။

(ဝ၇ဝ)

မိုးစပါးစိုက်ပျိုးစရိတ် အရာတော်၌ ထုတ်ချေးပေး

အရာတော် အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ် ထုတ်ချေးပေးခြင်းကို စက်တင်ဘာ ၂၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာအုပ်စု တာဝန်ခံများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖလမ်းမြို့နယ်စည်ပင် ကျောက်ချောလမ်းခင်း လုပ်ငန်းဆောင်ရွက်

ဖလမ်း အောက်တိုဘာ ၁၉

ချင်းပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် အောက်တိုဘာ ၁၅ရက် နံနက် ၁၁နာရီက ဖလမ်းမြို့သို့ ရောက်ရှိကာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသော သုမင်သာလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကိုကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့်အင်ဂျင်နီယာ(၂) ဦးလလ်ဟုပ်ထန်းတို့က လုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် အောက်တိုဘာ ၇ ရက်က ကလေးမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ သင်တန်းသားများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစိတ်ဓာတ် သင်ခန်းစာကို ဆွေးနွေးပို့ချပြီး သင်တန်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံကျောင်းအုပ်က ရှင်းလင်းပြသစဉ်။ (တိုင်းစည်ပင်)

မြို့လှပရေး

စက်တင်ဘာ ၂၃ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာ လှပရေး ဆောင်ရွက်ထားမှုကိုကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလွန်းတင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးစပါးစိုက်ဧရိယာနှင့် အထွက်နှုန်းမှန်ကန်ရေး အလေးထား မနောသုခစပါးမျိုးစံကွက် ပဲခူးမြို့နယ်၌ ရိတ်သိမ်း

ပဲခူး အောက်တိုဘာ ၁၆

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်သည် စက်တင်ဘာ ၂၇ ရက်က ပဲခူးတိုင်း မြေစာရင်း ဦးစီးဌာန ရုံးခန်းမတွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူးများအားတွေ့ဆုံ၍ မိုးစပါးစိုက် ဧရိယာနှင့် အထွက်နှုန်းမှန်ကန်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ်သည် ပဲခူးမြို့နယ် ကမာနတ် ကျေးရွာအုပ်စု ကွင်း အမှတ်(၆၄၀-က)ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မျိုးသန့်ခြံတွင် စိုက်ပျိုးထားသော မနောသုခစပါးမျိုးအား စံကွက်ရိတ်သိမ်းနေမှုကို စစ်ဆေးကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ကြည့်ရှုစစ်ဆေး

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ဩဂုတ်၂၆ ရက်က ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စိုက်ပျိုးထားသော မြို့ဦးကျောင်းခြံစည်းရိုး ကြက်ဆူစိုက်ခင်းနှင့် တောကျောင်းမြောင်းရေပေးရေးတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

စာဖတ်ခြင်းအကျိုးကျေးဇူး ပြင်ဦးလွင်၌ ဟောပြော

ပြင်ဦးလွင် အောက်တိုဘာ ၁၅

ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ခိုင်ခိုင်သင်းသည် ဝန်ထမ်းများနှင့်အတူ ပြင်ဦးလွင် မြို့နယ်အတွင်းရှိ အင်းယားကျေးရွာ၊ သင်္ဂတုံကျေးရွာ၊ မျှင်တောင်ကျေးရွာနှင့် ကုန်းသာကြီးကျေးရွာများသို့သွားရောက်၍ အောက်တိုဘာ၃ရက်မှ ၅ ရက်အထိ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။ ထို့နောက် စာကြည့်တိုက် ခိုင်မာရှင်သန်ရေးနှင့် ခိုင်မာစာကြည့်တိုက်များ မှတ်ပုံတင်ပြုလုပ်ရေးတို့ကို သက်ဆိုင်ရာ ကျေးရွာရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။ (ခရိုင် ပြန်/ဆက်)

သထုံမြို့နယ်စည်ပင် အထက(၁)ကျောင်းလမ်း ကတ္တရာခင်း

သထုံ အောက်တိုဘာ ၂၀

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့တွင်းလမ်းဖြစ်သော အထက(၁)ကျောင်းလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၉ရက်က သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အင်းစိန် အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

ယခင် အစိုးရတန်းမြင့်ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းကြီးများအပါအဝင် အထက(၁)အင်းစိန်၏ ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်းကျင်းပသော မြတ်ဆရာပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၂၁ရက်တွင် အထက(၁) အင်းစိန်ကျောင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

မြတ်ဆရာပူဇော်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးပွဲများကို အထက(၁)အင်းစိန် ကျောင်းခန်းမတွင် (တနင်္ဂနွေနေ့)တိုင်း မွန်းလွဲ ၁ နာရီတွင် ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားပြီး ဦးဘဌေး ဖုန်း-၆၄၀၀၉၄၊ ဦးတင့်စိန်ဖူး ဖုန်း-၆၄၃၉၇၄၊ ဦးစောပြည်သိမ်း ဖုန်း-၆၄၃၇၆၃၊ ဒေါ်ခင်လှသိန်းနှင့် ဒေါ်အေးအေးသန်း အထက(၁) အင်းစိန်တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

စာကြည့်တိုက်ရေရှည်တည်တံ့ရေး ရန်ပုံငွေနှင့်စာအုပ်များ ဗန်းမော်၌လှူဒါန်း

ဗန်းမော် အောက်တိုဘာ ၁၉

ဗန်းမော်မြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်း၍ ရန်ပုံငွေနှင့်စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဗန်းမော်မြို့ သုံးမိုင်ကျေးရွာ ရှမ်းရိုးရာ သာသနာ့ဝင်းခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက မျိုးဆက်သစ် စာကြည့်တိုက်အတွက် ရန်ပုံငွေကျပ် ၃၈၆၅၀၀ နှင့် သုတရသစာအုပ် ၆၁၂ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက လက်ခံယူကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ပတ္တမြားခန်းမ အနောက်ဘက်မြေကွက်လပ်တွင် အမှိုက်မှ အီးအမ်ဘိုကာရှိ မြေဆွေးရရှိရေးကို စက်တင်ဘာ ၂၉ ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်မောင်တို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော အမှတ်(၃) ရပ်ကွက် လမ်းကွန်ကရစ် မြောင်းကူးတံတား တည်ဆောက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးအေးသိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးလွင်တို့က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း ယောက်ဖအား ဓားဖြင့်ထိုးသူ ထောင်ဒဏ် ၁၀ နှစ်ချမှတ်

မိတ္ထီလာ အောက်တိုဘာ ၁၀

မိတ္ထီလာခရိုင် တရားရုံးက ယောက်ဖဖြစ်သူအား ဓားဖြင့်ထိုးသူ ကန်သာရွာသား ဌေးအောင်အား ထောင်ဒဏ် ချမှတ်လိုက်သည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာမြို့နယ် ကန်သာကျေးရွာတွင် ယခုနှစ် မတ် ၅ရက်က သမက်ဖြစ်သူ ဌေးအောင်နှင့် သမီးဖြစ်သူ သန်းသန်းနိုင်တို့ လင်မယား စကားများပြီး ဌေးအောင်က ထန်းလှီးဓားကိုင်ဆောင်ပြီး ဇနီးဖြစ်သူ သန်းသန်းနိုင်အား ရန်ပြုကြိမ်းဝါးနေစဉ် ယောက်ဖဖြစ်သူ မျိုးဇော်ထွန်း (၁၆)နှစ်က အနီးမှ ဝါးတုတ်တစ်ချောင်း ကိုင်ဆောင်၍ ဝင်ရောက်ဖျန်ဖြေရာ ဌေးအောင်က အသင့်ရှိသောဓားဖြင့် မျိုးဇော်ထွန်းအား လှမ်းထိုးလိုက်သည်။ မျိုးဇော်ထွန်းမှာ ဝဲဘက်လက်ကောက်ဝတ်ပြတ်ရဒဏ်ရာ၊ ဝမ်းဗိုက်ပေါက် ဒဏ်ရာများ ရရှိသဖြင့် ရှမ်းမငယ်ရဲစခန်းဆေးစာဖြင့် မိတ္ထီလာဆေးရုံသို့တင်ပို့ရာ ရရှိသောဒဏ်ရာဖြင့် မျိုးဇော်ထွန်းမှာ ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ ကန်သာကျေးရွာနေ ဖခင်ဖြစ်သူ ဦးသံချောင်း(၅၂)နှစ်က တရားလိုပြုလုပ်၍ သားဖြစ်သူ မျိုးဇော်ထွန်းအား ဓားဖြင့်ထိုးသတ်သူ သမက် ဌေးအောင်ကို အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားရာ ရှမ်းမငယ်ရဲစခန်းက ဌေးအောင်အား ရဲစခန်း(ပ) ၆/၂၀၀၈ ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

ရှမ်းမငယ်ရဲစခန်းက မိတ္ထီလာခရိုင်တရားရုံးသို့ ဧပြီ ၇ရက်က တရားစွဲတင်ပို့ရာ တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် ၇/၂၀၀၈ဖြင့် လက်ခံကြားနာစစ်ဆေးပြီး ဇူလိုင် ၃၁ရက်က မိတ္ထီလာခရိုင်တရားရုံးမှ ကန်သာကျေးရွာနေ ဌေးအောင်(၃၃)နှစ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)အရ အလုပ်နှင့်ထောင်ဒဏ် ၁၀နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။ (ဝ၈၆)

22-10 (17).pmd 1 10/22/2008, 2:39 AM

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင်ဒါရိုက်တာများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ■

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဆို၊ က၊ ရေး၊ တီး ယှဉ်ပြိုင်ပွဲ နွဲကြသူတို့ ရင်ဖွင့်သံ

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

နေပြည်တော် အောက်တိုဘာ ၂၁ (ဖက်စ်)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏အဆိုပြိုင်ပွဲကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)အဝင် "သမီးလေး အသံအလွန်ကောင်းတယ်၊ ကြိုးစားနော်… အနုပညာအနာဂတ်ဟာ သမီးတို့လက်ထဲမှာရှိတယ်။ ကြိုးစားကြ…လေ့ကျင့်မှုလည်း မပြတ်စေနဲ့နော်"ဟု ပြိုင်ပွဲဝင်ကလေးငယ်တစ်ဦးအား နွေးထွေးစွာအားပေးနေသော (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး ဦးရန်နိုင်ဦး။ " ဟုတ်ကဲ့… သမီးတို့ ကြိုးစားပါ့မယ်"ဟု ပြိုင်ပွဲဝင်ပြီးသည့် ကလေးငယ်တစ်ဦး၏ပြန်ဖြေမှု၊ သြော်…စေတနာထားမှုနှင့် တုံ့ပြန်မှုတို့၏ မြင်ကွင်းအလှ။ *စာမျက်နှာ ၁၁ ကော်လံ ၁* ✻

ကကြိုးကဟန်

အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မဖြိုးဖြိုးခိုင်၏ ပျော့ပျောင်းညက်ညောသော ကကြိုးကဟန်….။ (မြန်မာ့အလင်း)

✻ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
✻ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
✻ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

လပွတ္တာမြို့နယ်အတွင်း လယ်ယာနှင့် ရေလုပ်ငန်းကဏ္ဍ အောင်မြင်ဖြစ်ထွန်းနေမှုတို့နှင့်စပ်လျဉ်း၍ ဒေသခံတို့၏ ဖွင့်ဟပြောကြားချက်များ

လပွတ္တာမြို့နယ် ရွှေမြစ်အတွင်း ငါး၊ ပုစွန်များကို ဤသို့ ဖမ်းနေကြသည်။

တွေ့ဆုံမေးမြန်းသူ
မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - လှမိုး(သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်

ရန်ကုန် အောက်တိုဘာ ၂၁

မိမိသည် အောက်တိုဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ဧရာဝတီတိုင်းအတွင်း လှည့်လည်၍ သတင်းများ စုဆောင်းရယူခဲ့သည်။ လပွတ္တာမြို့သို့ အောက်တိုဘာ ၂၀ ရက်၌ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး



ဦးနှောက်အတွင်း ဖက်တီးအက်စစ်လျှော့ချနိုင်လျှင် အယ်လ်ဇိုင်းမားရောဂါ ဖြစ်ပွားမှုထိန်းချုပ်နိုင်မည်

လန်ဒန် အောက်တိုဘာ ၂၁

ဦးနှောက်အတွင်း ဖက်တီးအက်စစ်ဓာတ် များပြားလာခြင်းကို ထိန်းချုပ်ပေးခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါကုသရေးတွင် အထောက်အကူဖြစ်စေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်။

စမ်းသပ်တွေ့ရှိ

အဆိုပါ အမေရိကန်သုတေသနပညာရှင်များသည် ကြွက်များ၏ ဦးနှောက်အတွင်းရှိ ပိုလျှံနေသည့် စာမျက်နှာ ၅ ကော်လံ ၁ ✻